# ကေအဲန်ယူမြေယာလမ်းစဉ်

## လယ်ယာစိုက်ပျိုးရေးဌာန
## ကေအဲန်ယူကရင်အမျိုးသားအစည်းအရုံး

မှ

ပြန်လည်ပြင်ဆင်ရေးသားထုတ်ဝေသည်

(အောက်တိုဘာလ၊ ၂၀၁၀ ခုနှစ်)

*ကေအဲန်ယူဗဟိုအလုပ်အမှုဆောင်ကော်မီတီမှ ဤမြေယာလမ်းစဉ်ကို*
*(၂၀၀၉ ခုနှစ် မေလ ၁၆ ရက်နေ့) တွင်အတည်ပြုသည်။*

# နိဒါန်း

KNU- ကရင်အမျိုးသားအစည်းအရုံးမှ ချမှတ်ထားသောနိုင်ငံရေးလမ်းစဉ်မှာအမျိုးသားဒီမိုကရေစီလမ်းစဉ်ဖြစ်၍ အမျိုးသားရေးနှင့်ဒီမိုကရေစီရေးကိုလုပ်ဆောင်ရာမှာ ကရင်တစ်မျိုးသားလုံးအပါအဝင် တိုင်းရင်းသားအားလုံး တန်းတူရည်တူအခွင့် အရေးရရှိရေး၊ ကိုယ့်ကံကြမ္မာကိုယ်ဖန် တည်းခွင့်ရရှိရေးနှင့် အမျိုးသားတိုင်းဒီမိုကရေစီ အခွင့်အရေးရရှိရေးအတွက်ဖြစ်သည်။ ဤ KNU မြေယာလမ်းစဉ်သည် တိုင်းရင်းသားနှင့် ပြည်သူလူထုများ၏ အခွင့်အရေးကို ဖိနှိပ်ချုပ်ချယ်သော စစ်အာဏာရှင်၏စနစ်ကိုဆန့်ကျင်သည်။

ဤလယ်ယာစိုက်ပျိုးရေးလမ်းစဉ် (ပေါ်လစီ) စတင်ဖြစ်ပေါ်လာရသည့်အ ကြောင်းရင်းမှာ ကရင်အမျိုးသားများသည် ငြိမ်းချမ်းမှုကို ချစ်မြတ်နိုးသူ၊ အေးအေးဆေးဆေးလုပ်ကိုင်စားသောက်လိုသူများဖြစ်ပြီး မြေယာလုပ်ငန်းကို အေးအေးချမ်းချမ်း လုပ်ကိုင်ကြပြီး လယ်မြေများဖြစ်ထွန်းကောင်းမွန်လာ၍ စားသောက်ရတော့မည့်အချိန်မှာ လူမျိုးကြီးများကဝင်ရောက်လုယူသိမ်းပိုက်ပြီး ၎င်းတို့၏ ပိုင်မြေများအဖြစ်သိမ်းပိုက်သွားကြောင်း သမိုင်းရာဇဝင်တွင်ကျန်ရစ်ခဲ့သည်။ ထို့ကြောင့် ဖိုးဖွားမိဘများ ၏ ဆိုရိုး စကားမှာ “သစ်ငုတ်လည်းဆွေး၊ ကရင်လည်းပြေး”ဟူ၍ဆိုစမှတ် ပြုခဲ့သည်။

ထို့ကြောင့် ကရင်လူမျိုးများ မိမိပိုင်ဆိုင်သောမြေယာများကို ကာကွယ်နိုင်ရန်နှင့်အခြားလူမျိုးများ၏ လက်ထဲသို့ မရောက်ရှိရန်အတွက် ကေအဲန်ယူခေါင်းဆောင် များသည် (၁၉၇၄) ကွန်ဂရက်မတိုင်မီ မြေယာလမ်းစဉ် စာအုပ်တစ်အုပ်ကိုရေးဆွဲ ပြဋ္ဌာန်းပြီး ယနေ့ထိတိုင် အသုံးပြုလျက်ရှိသည်။ အချိန်ကာလများ အလီလီပြောင်းလဲခဲ့ပြီး ရေးသားခဲ့သောအ

ကြောင်း အရာများသည် ယနေ့ခေတ်အချိန်အခါများနှင့် မကိုက်ညီတော့သဖြင့် ယခုအသစ်တဖန် ပြန်လည်ပြုပြင်ရေးသားရာမှာ ခေတ်အချိန်အခါနှင့် ကိုက်ညီရန်ရည်ရွယ်၍ ရေးသားခြင်းဖြစ်သည်။

ယနေ့ခေတ်အချိန်တွင် ကမ္ဘာလုံးဆိုင်ရာဆက်စပ်မှု (Globalization) နှင့်ဈေးကွက်စီးပွါးရေးစနစ်ကြောင့် မြန်မာပြည်ကိုလည်းထိခိုက်စေပါသည်။ ယနေ့မြန် မာနိုင်ငံကိုအုပ်ချုပ်သူမှာ မဟာဗမာလူမျိုးကြီးဝါဒနှင့်စစ်အာဏာရှင်စနစ်ဖြစ်ပြီး စီးပွားရေးအရ တခါးဖွင့်ဝါဒကျင့်သုံးသည်ဟုပြောဆိုနေသော်လည်း စီးပွါးရေးလုပ်ငန်းအားလုံးကို လက်ဝါးကြီးအုပ်ချုပ်ကိုင်ပြီး တိုင်းရင်းသားလူမျိုးများအပေါ် အမျိုးမျိုးဖိနှိပ် အုပ်ချုပ်ကာ ပြည်သူလူထုများ ဒီမိုကရေစီအခွင့်အရေးလုံးဝမပေးသောကြောင့် နိုင်ငံ၏စီးပွားရေးသည် တိုးတက်မှုမရှိသည့်အပြင် ကြီးမားသောဆုံးရှုံးမှုများနှင့်ကြုံတွေ့နေရသည်။

ထို့ကြောင့် ယခုထုတ်ဝေသော KNU မြေယာလမ်းစဉ်စာ အုပ်အသစ်သည် ယနေ့ခေတ်အခြေအနေ အချိန်အခါနှင့်ကိုက်ညီရန်နှင့် ကျွန်ုပ်တို့တောင်သူလယ်သမားများ၏လယ်ယာမြေများ ကိုထိန်းသိမ်း ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက်ဖြစ်သည်။ ဤလယ်ယာလမ်းစဉ်စာအုပ်ကို (၁၄) ကြိမ်မြောက် KNU ကွန်ဂရက်တွင် လေ့လာသုံးသပ်ပြီးအတည်ပြုပေးရန်တင်ပြသည့်အပေါ်၊ ကွန်ဂရက်မှ ဤလယ်ယာ လမ်းစဉ်ကို ကေအဲန်ယူဗဟိုအလုပ်အမှုဆောင်ကော်မီတီသို့တင်ပြပြီး အတည်ပြုရန်ဆုံးဖြတ်ကြသည်။ ထို့ကြောင့် (၂၀၀၉) ခုနှစ် မေလ (၆) ရက်နေ့တွင်ကျင်းပပြုလုပ်သောကေအဲန်ယူဗဟိုအလုပ်အမှုဆောင် ကော်မီတီအစည်းအဝေးတွင် လေ့လာ သုံးသပ်ပြီး အတည်ပြုပေးသည့် အတွက် ထိုနေ့ မှစ၍ ဤစာအုပ်ကို KNU အုပ်ချုပ် ရေးနယ်မြေတဝှမ်းလုံးတွင် ကျင့်သုံးအကောင်အထည်ပေါ်ဆောင် နိုင်သည်။

# မာတိကာ

**ပါဝင်သောအကြောင်းအရာ** **စာမျက်နှာ**


➡ မြေယာလမ်းစဉ်နှင့်၎င်း၏သမိုင်းကြောင်း (Background History) ............. ၅

➡ အခန်း (၁)
တောင်သူလယ်သမားများ၏လယ်ယာမြေများဆုံးရှုံးခဲ့ရသည့်အကြောင်း ရင်းများနှင့် နောက်ထပ်ဆုံးရှုံးနိုင်သည့်အကြောင်းရင်းများ..................၁၀

➡ အခန်း (၂)
မြေယာအမျိုးအစားအမျိုးမျိုး (Classification)................................ ၁၄

➡ အခန်း (၃)
ဤပေါ်လစီစာအုပ်ကိုအတည်ပြုခြင်း (Approval of the Policy)............ ၂၄

➡ အခန်း (၄)
ပေါ်လစီ၏ ကြွေးကျော်သံ (Slogan) ........................................ ၂၅

➡ အခန်း (၅)
မြေယာလမ်းစဉ်၏ရည်ရွယ်ချက်များ (Objectives)............................၂၆

➡ အခန်း (၆)
တာဝန်ဝတ္တရားများ (Responsiblities)........................................ ၂၈
(က) အသုံးမပြုနိုင်သောမြေများ
(ခ ) မြေရှင်၏တာဝန်ဝတ္တရားများ
(ဂ ) လယ်ယာစိုက်ပျိုးရေးဌာန၏ တာဝန်ဝတ္တရားများ

➡ အခန်း (၇)
လူ့အဖွဲ့အစည်းပိုင်လယ်မြေများကိုအသုံးပြုသည့်လုပ်ထုံးလုပ်နည်းများ
(Regulations applicable to community lands)................................ ၃၃

➡ အခန်း (၈)
မြေယာပိုင်ဆိုင်ခွင့်လက်မှတ်(ဂရံ ) (Land Grant)………………………… ၃၄

➡ အခန်း (၉)
မြေယာအမျိုးအစားနှင့်ပိုင်ဆိုင်ခွင့် (Land Title)………………......……… ၃၆

➡ အခန်း (၁၀)
မြေရှင်နှင့်မြေယာလွှဲပြောင်းခွင့် (Land Ownership and Transfer rights) …… ၄၁

➡ အခန်း (၁၁)
မြေသိမ်းယူခြင်းနှင့်အမြေအငှါးချထားခြင်း
(Confiscation of Land and Leases)............................................................ ၄၄

➡ အခန်း (၁၂)
မြေယာအကြွေး၊ ငွေတိုးနှုန်း ၊ အခွန်နှင့်အခြားကြေးများ
(Land debts, Interest rates, Taxes and Other Fees) ………….................... ၄၇

➡ အခန်း (၁၃)
လယ်ယာမြေအညင်းပွားမှု (Land disputes)………..……………....…… ၅၃

➡ အခန်း (၁၄)
စိုက်ပျိုးရေးဆိုင်ရာပေါ်လစီများ (Agriculture Policy)………..................... ၅၄

➡ အခန်း (၁၅)
ဖွံ့ဖြိုးရေးဆိုင်ရာပေါ်လစီများ (Development Policy)……………………...…၅၇

➡ အခန်း (၁၆)
မြေဂရံပေးအပ်နိုင်သူနှင့် မြေရှင်လိုက်နာရမည့်
မြေယာဂရံစည်းကမ်းချက်များ ....................................................................၅၉

➡ မြေဂရံပုံစံနှင့်ဖြတ်ပိုင်းပုံစံများ ……………………...............………… ၆၄

# မြေယာလမ်းစဉ် နှင့် ၎င်း၏သမိုင်း

ကရင့်တော်လှန်ရေးသည် အမျိုးသားဒီမိုကရေစီ လမ်းစဉ်အခြေခံ အပေါ်ရပ်တည်၍ တော်လှန်ရေးကာလတွင် မြေယာပြုပြင်ရေးလုပ်ငန်း စဉ်၏ရည်ရွယ်ချက်မှာ မြေရှင်ပဒေသရာဇ်စနစ်ကို ဆန့်ကျင်ရန်၊ ပြင်ပလူ များမှ ဌာနေပြည်သူ လူထုများ၏ပိုင်ဆိုင်သော မြေယာများကို ရယူခြင်းမှ ကာကွယ်ရန်နှင့် မြေယာပြုပြင်ရေးလုပ်ငန်းစဉ်သည် တောင်သူလယ်သ မား နှင့် ပြည်သူလုထုများအတွက် အကျိုးရှိစေရေးအတွက်ဖြစ်သည်။ ဤရည် ရွယ်ချက်အတိုင်း မြေယာပြု ပြင်ရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖေါ် ဆောင်နိုင်ရန်အတွက် မြေယာလမ်းစဉ်၏ သမိုင်းကို ဦးစွာသိရှိထားရန် လိုအပ်သည်။

## မြေယာလမ်းစဉ်သမိုင်းအကြောင်းအဆင့်ဆင့်အကျဉ်း

မြေရှင်ပဒေသရာဇ်စနစ်မဖြစ်ပေါ်မီ ကာလကတည်းက သမိုင်း ကြောင်းအရ ကရင်များသည် ခရစ်တော်မပေါ် မီ ၇၃၉ ခုနှစ်တွင် မြန် မာပြည်အတွင်းသို့ နောက်ဆုံးအကြိမ်ရောက်ရှိလာကြပြီးနှစ် ၂၀၀ ကြာ အောင် မြေယာလုပ်ငန်းဖြင့် အေးချမ်းစွာ စိုက်ပျိုးလုပ်ကိုင်စားသောက် အသက်မွေးခဲ့ကြသည်။ ထို့နောက် မွန် ၊ ဗမာ ပဒေ သရစ်များသည် ကရင် များပိုင်ဆိုင်သည့် မြေယာများကို ဝင်ရောက်လုယူကြသဖြင့် ကရင်ပိုင်မြေ ယာများလည်း မွန်၊ ဗမာ လက်ထဲသို့ ကျရောက်ပြီး ကရင်များသည်လည်း မွန်၊ ဗမာများ၏ ကျေးကျွန်များဖြစ်သွားခဲ့ရသည်။ လွန်ခဲ့သည့် ၁၂၆၁ ခုနှစ် မှပင် မြေရှင်ပဒေသရဇ်စနစ်များပေါ် ပေါ်ပေါက်ခဲ့သည်။ ထိုအချိန်တွင် ဗမာ ဘုရင်များဖြစ်သည့် အနော်ရထာမင်းနှင့် သီပေါမင်းတို့ အုပ်စိုးသောကာလ

ဖြစ်ပြီး ဥပဒေများချမှတ်ခဲ့ကြသည်။ ၎င်းတို့ချမှတ်သည့်မြေ ရှင်ဆိုသည်မှာ ဘုရင်နှင့် အခြားအာဏာရမြို့စား၊ ရွာစား၊ တိုက်သူကြီးများသာ ဖြစ်သည်။ ထို့ကြောင့် ပြည့်ရှင်မင်းပဒေသရာဇ်တို့၏အာဏာနှင့် မြေယာပိုင်ဆိုင်မှုမှာ တထပ်တည်းဖြစ်သောကြောင့် ပဒေသရာဇ်စနစ် ဟုခေါ်ခြင်းဖြစ်သည်။ ကရင်များသည် ဘုရင်အုပ်ချုပ်မှုအောက်မှ ထွက်ပြေးကြပြီး ကျန်ခဲ့သည့် တ ချို့ သည် ဘုရင့်ကိုအလုပ်အကျွေးပြုရသော မြေရှင်ကျွန်များ ဖြစ်သွား ကြသည်။

၁၈၈၅ ခုနှစ် အင်္ဂလိပ်မြန်မာတတိယစစ်အပြီးတွင် မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်ကိုလိုနီအုပ်ချုပ်သောနိုင်ငံ ဖြစ်သွားသည်။ အင်္ဂလိပ်ကိုလိုနီ အုပ်ချုပ်သည့်အချိန်တွင် စနစ်နှစ်ခုဖြစ်သည့်မြေရှင်ပဒေသရာဇ်စနစ်နှင့် ကိုလိုနီစနစ်နှစ် ခုကိုပေါင်းပြီး စနစ်တစ်ခုသဖွယ်ပြန်လည်ကျင့်သုံးသည်။ တောင်သူလယ်သမားများအတွက်အခွင့်အရေးအနည်းငယ် ရရှိလာသည်။ ၁၈၅၀ ခုနှစ်မှ ၁၈၇၃ ခုနှစ်အထိ စိုက်ပျိုးမြေများ ကျယ်ကျယ်ပြန့်ပြန့် များပြားလာသည်။ စပါးစိုက်ပျိုးမြေဧက ၁၀,၇၁၅,၄၂၉ အထိ တိုးတက်လာပြီး တစ်နှစ်အတွင်း နိုင်ငံခြားသို့ ရောင်းချသော စပါးထုတ်ကုန်သည် တန်ချိန် ၄၀၀,၀၀၀ တန်သာဖြစ်သည်။ ၁၈၇၆ ခုနှစ်တွင် မြေခွန်ဥပဒေပေါ်ပေါက်လာပြီး ယင်းဥပဒေ၌ လယ်ယာမြေတစ်ကွက်အပေါ် (၁၂) နှစ် ထွန်ယက်စိုက်ပျိုးပြီး အခွန်မပျက်မကွက်ထမ်းဆောင်ပါက ထိုမြေအား ပိုင်ဆိုင်စေသည် ဟူသောအချက်ဖြစ်သည်။ ထို့ကြောင့် လယ်သမားများသည် မြေယာပိုင်ဆိုင်နိုင်ရန် တတ်အားသရွေ့ ကြိုးပမ်းလုပ်ကိုင်ကြသည်။ သို့သော်လည်း အင်္ဂလိပ်ကိုလိုနီများသည် အိန္ဒိယနိုင်ငံတောင်ပိုင်းမှ ငွေရှင်ကြေးရှင်ခ်နရှင် ချစ်တီးများကို ခေါ်လာပြီး လယ်သမားများ လိုအပ်သည့်ငွေများကို ငွေတိုးချေးစားစေသည်။ ချစ်တီးနှင့် မြန်မာ ငွေရှင်များသည် လယ်သမားများကို ငွေပေးချေးပြီး အတိုးနှုန်းများကို ၁၀၀ ကျပ်နှုန်းလျှင် တစ်နှစ် ၆ ကျပ်နှုန်း၊

တချို့သူများအား ၁၀၀ လျှင် တစ်လ တစ်ကျပ် လေးပဲနှုန်းမှ တစ်နှစ် ၃ ကျပ် အထိ အတိုးပေးရသည်။ ထိုအချိန်တွင် စပါးရောင်းဈေးသည် စပါးတင်း ၁၀၀ လျှင် ကျပ် ၁၀၀ မက ရောင်းရသော်ငြားလည်း စတီးဘရားသား ကုမ္ပဏီ၏ ဈေးကွက်ကစားမှုကြောင့် လယ်သမားများ အကြွေးပြန်မဆပ်နိုင်သောကြောင့် မိမိပိုင်ဆိုင်သည့် လယ်ယာမြေများကို ခ‌နရှင်လက်ထဲသို့ အပ်နှံခဲ့ရသည်။ ခနရှင်များသည် မြေရှင်ဖြစ်လာကြသည်။ မြေရှင်များသည် လယ်သမားများအပေါ် သွေးစုပ်အမြတ်ထုတ်မှုကြောင့် လယ်သမားများ ဒုက္ခများနှင့် အဆက်မပြတ်ကြုံရလေတော့သည်။

လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်တွင် ပါလီမန်ဒီမိုကရေစီ ဖဆပလ အစိုးရအာဏာရလာပြီးနောက် မြေယာဥပဒေကို ပြန်လည် ပြုပြင်သည်။ ဖဆပလအစိုးရက နိုင်ငံခြားသားမြေရှင်များထံမှ ပြန်လည်သိမ်း ဆည်းရရှိသောလယ်ယာမြေများကို လယ်သမားများဆီသို့ ပြန်လည်ဝေငှပေးမည်ဟု ကြေငြာခဲ့သည်။ ၁၉၅၇ – ၅၈ ခုနှစ်အတွင်း မြေယာဧက ၃၃ သိန်းကျော်ကို တစ်နှစ်အတွင်း လယ်သမားများဆီသို့ ဝေခြမ်းပေးပြီဖြစ်ကြောင်း ကြေငြာလေသည်။ သို့သော် ဤပေးဝေမှုသည် မြေရှင်အချင်းချင်းသာ ပြန်လည်ဝေခြမ်းပေးခြင်းသာဖြစ်သည်။ နိုင်ငံခြားသို့တင်ပို့ရောင်းချသော စပါးဈေးများမှာ တောင်သူလယ်သမားများအပေါ် ခေါင်းပုံဖြတ် အမြတ်ကြီးစားပြုလုပ်နေသည်။ ၎င်းတို့သည် တောင်သူလယ်သမားများထံသို့စပါးတင်း ၁၀၀ ကို ၂၅၀ ကျပ် ထက်ပို၍မဝယ်သော်လည်း ပြင်ပသို့ ရောင်းရာတွင် စပါးတင်း ၁၀၀ ကို ၁၀၀၀ ကျပ်မှ ၁၅၀၀ ကျပ်အထိ ရောင်းလျက်ရှိသည်။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့ မဆလအုပ်ချုပ်သော ကာလ ရောက်သော် တောင်သူလယ်သမားများ၊ အတွက် အကျိုးဖြစ်စေခြင်းငှာ

ပြည်ထောင်စုအဆင့် တောင်သူလယ်သမားအသင်းများတည်ထောင်ပြီး လုပ်ငန်းအမျိုးမျိုးများကိုတီထွင်ပေးခဲ့သည်။ ၎င်းမှာ သမဝါယမအသင်း၊ ငွေချေးလုပ်ငန်းများ၊ စပါးချေးလုပ်ငန်းများ၊ သီးနှံစီမံကိန်း များဖြစ်ပြီး အရောင်းအဝယ်လုပ်ငန်းမှာမူ အားလုံးလက်ဝါးကြီးအုပ်ထားသည်။ ပြည်သူပိုင်ဥပဒေကိုချမှတ်၍ လယ်လုပ်သူ လယ်ပိုင်ရမည်ဆိုသောဥပဒေကိုလည်း ချမှတ်ခဲ့သည်။ ထို့ကြောင့် ဤနည်းဖြင့် ကရင်အမျိုးသားများ လယ်ယာ မြေမြောက်များစွာဆုံးရှုံးခဲ့ရသည်။ ထိုမျှမက စပါးရောင်းရာတွင် အလေးပိုချိန်ပြီး စပါး ဝယ်ရာတွင် စပါးတင်း ၁၀၀ လျှင် ၃၀၀ ကျပ်ဖြစ်ရမည်ဟု ဈေးနှုန်းအသေချုပ်ကိုင်ထားသည်။ တစ်ကေလျှင် စပါး ၁၅ တင်းမှ ၁၇ တင်းအထိ တာဝန်ကျေစပါးပေးဆောင်ရမည်ဟု အတင်းအဓမ္မတောင်းခံခဲ့သည်။ ၁၉၉၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် နဝတမှ နိုင်ငံ့အာဏာသိမ်းပြီးနောက် နအဖ ဟု အမည်ပြောင်းလိုက်သည်။ ချမှတ်ထားသော ဥပဒေများကို အသစ်ပြန်ရေးရာတွင်–

၁။ မဆလခေတ် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၈ အရ **“တိုင်းပြည်သည် မြေရှင်တစ်ဦးတည်းကိုသာ သဘာဝသယံဇာတ အားလုံးဖြစ်သော မြေပေါ် မြေအောက်၊ ရေပေါ်ရေအောက်၊ လေပေါ် လေအောက် အားလုံးနှင့် မြေယာများအားလုံးပိုင်ဆိုင်သည်။”**

၂။ နအဖ ပြုလုပ်မည့်အမျိုးသားညီလာခံသည် ပုဒ်မ ၂၅ (က) အခြေခံအကြောင်းအရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းမည့် အဆိုအရ **“တိုင်းပြည်သည် မြေယာများအားလုံးနှင့် မြေပေါ်မြေအောက် ဖြစ်စေ၊ ရေပေါ်ရေအောက်ဖြစ်စေ၊ လေပေါ်လေအောက်ဖြစ်စေ ရှိသောသဘာဝသယံဇာတအားလုံးသည်မြေရှင်တစ်ဦး**

**တည်းသာပိုင်ဆိုင်ခြင်းကိုဆိုလိုသည်။”** ထိုမှမကစိုက်ပျိုးပင်မပြည့် သောလယ်မြေများကိုစည်းကမ်းပျက်လယ် (စည်းကမ်းမလိုက်နာသော) ဟူ၍ သတ်မှတ်ပြီး မတရားသိမ်းယူလိုက်သည်။

အထက်ပါအချက်များအတိုင်း မြေကြီးအားလုံးသည် အစိုးရပိုင်ဖြစ်သလို မည်သူမျှပိုင်ဆိုင်ခွင့်မရှိတော့ဘဲ လယ်သမားများလည်း မိမိတို့၏ လယ်ယာမြေအတွင်းတွင်သာ သီးနှံများကိုစိုက်ပျိုးခွင့်ရှိတော့သည်။ ထို့ကြောင့် အောက်တွင်ဖော်ပြသည့် သီးနှံစိုက်ပျိုးရေးဥပဒေနှင့်ဆန့်ကျင်သော မြေယာများကိုတွေ့ရှိပါက အစိုးရမှ ချက်ချင်းသိမ်းယူလိုက်သည်။

၁။ လုပ်ကိုင်ခဲ့သော မြေတစ်ကွက်သည် ပြည့်စုံသောအကြောင်း အရာမရှိဘဲ မလုပ်တော့ခြင်း
၂။ လုပ်စားခဲ့သော မြေကွက်ကို သူတစ်ပါးအား လုပ်ခွင့်ပြုခြင်း
၃။ လုပ်ကိုင်ခဲ့သော မြေကွက်ကို ရောင်းစားခြင်း၊ ပေါင်ခြင်း သို့မဟုတ် တစ်စုံတစ်ဦးဆီသို့ လွှဲပြောင်းခြင်း
၄။ လယ်သမားတစ်ယောက်အဖြစ် မလုပ်တော့ခြင်း
၅။ အစိုးရမှ သတ်မှတ်ထားသည့်သီးနှံအမျိုးကို မစိုက်ပျိုးခြင်း
၆။ အစိုးရဆီသို့ သီးနှံများကို အစိုးရက သတ်မှတ်ထားသည့် အရေအတွက် မပြည့်မှီခြင်းဖြစ်စေ၊ သတ်မှတ်ထားသည့်အချိန်ကာလအတွင်းဖြစ်စေ၊ သတ်မှတ်ထားသည့်စျေးနှုန်းအတိုင်းဖြစ်စေ မရောင်းချနိုင်လျှင် လယ်ယာမြေများသိမ်းဆည်းခံရသည်။ ထို့ကြောင့် လယ်သမားများ၏ လယ်ယာအမြောက်အများကို အစိုးရမှ သိမ်းဆည်းပြီး, အထူးသဖြင့် နအဖ လက်ထဲတွင် ဘယ်အရာမျှလျော်ကြေးမရှိခြင်းဖြစ်သည်။

# အခန်း (၁)

## တောင်သူလယ်သမားတို့၏မြေယာများ ဆုံးရှုံးခဲ့ရသော အကြောင်းရင်းများနှင့်နောက်ထပ်ဆုံးရှုံးနိုင်သည့်အကြောင်းများ။

**၁။ ယနေ့လယ်သမားများ၏ မြေယာများသည် အောက်ဖော်ပြပါအကြောင်းအမျိုးမျိုးကြောင့် ဆုံးရှုံးသွားရ ခြင်းဖြစ်ပါသည်။**

(က) နအဖစစ်အစိုးရများသည် ရွာသူရွာသားများ၏ မြေယာ၊ လယ်ယာနှင့် လုပ်ငန်းခွင်များကို ကျသင့်ငွေမပေးဘဲ အတင်းအဓမ္မ သိမ်းယူခြင်း။

(ခ) တောင်သူလယ်သမားများသည် နအဖခေါင်းဆောင်များ၏ သတ် မှတ်ထားသည့်အတိုင်း စိုက်ပျိုးရမည့် သီးနှံအမျိုးအစားများကို မစိုက်ပျိုးနိုင်ခြင်းကြောင့် နအဖတာဝန်ရှိသူများက လယ်ယာမြေ များကိုအတင်းအဓမ္မသိမ်းယူခြင်း။

(ဂ) နအဖစစ်သားများ၏ အတင်းအဓမ္မခိုင်းစေမှုများကြောင့် ရွာသူရွာသားများ လယ်ယာလုပ်ငန်းကို မလုပ်ကိုင်နိုင်တော့ဘဲ ငွေကြေး ကြပ်တည်းမှုကြောင့် လယ်မြေများကို ဈေးပေါပေါ ဖြင့်ရောင်း ချရခြင်း။

(ဃ) ငွေရှင်ကျေးရှင်များ (ပြည်ပမှ တရုတ်လူမျိုးအပါအဝင်) စီးပွားရေးဈေးကွက်နှင့် စိုက်ပျိုးရေးအတွက် ကျေးရွာလူထုများ၏ လယ်ယာ မြေများကိုဈေးကြီးပေးဝယ်ခြင်း၊ ကျေးရွာလူထုများကလည်းငွေ ကြေးလိုအပ်ချက်အရ မြေယာများကိုရောင်းချ

ခြင်းကြောင့် ငွေရှင် ကျေးရှင်နှင့်ရပ်ဝေးမှလူများ၏မြေယာများဖြစ်သွားကြရသည်။

## ၂။ အထူးသဖြင့် ကရင်ပြည်နယ်အတွင်း တောင်သူလယ်သမားများနှင့် ဌာနေလူထုများ၏ မြေယာများသည်အောက်ဖော်ပြပါအကြောင်းအရာများကြောင့် ဆုံးရှုံးရခြင်းဖြစ်သည်။

(က) နအဖစစ်တပ်များ ကရင်ပြည်နယ်အတွင်း စစ်အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်၍ နေရာအနှံ့အ ပြားတွင် တပ်စွဲထားသဖြင့် ပြည်သူလူထုများသည် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ၊ အတင်းအဓမ္မခိုင်းစေမှုအမျိုးမျိုး ခံနေရခြင်းကြောင့် ပြည်တွင်းဒုက္ခသည်များနှင့် ထိုင်းနိုင်ငံအတွင်း ဒုက္ခသည်များအဖြစ် ခိုလှုံနေထိုင်ကြရသည်။ ၎င်းတို့ ချန်ရစ်ထားခဲ့ရသော လယ်ယာ၊ မြေယာများကို နအဖစစ်တပ်များမှ ၎င်းတို့၏လူထုများကို ခေါ်ဝင်နေရာချထားပေးခြင်းဖြင့် ဌာနေလူထုများ၏ လယ်ယာမြေများဆုံးရှုံးသွားရခြင်း။

(ခ) ယခု နအဖ စစ်အစိုးရလက်အောက်တွင် ရှိသောမြေယာများသည် လွန်ခဲ့သောကာလတွင် ဌာနေလူလုများ၏ ပိုင်ဆိုင်မြေယာများဖြစ်ကြသည်။ သို့သော်ယခုအချိန်တွင် အခြားရပ်ဝေးမှ လူမျိုးများသည် ဒုက္ခသည်များထံမှ ချန်ရစ်ထားခဲ့ရသော လယ်မြေများကို ဝင်ရောက်လုပ်ကိုင်စားသောက်ခြင်းကြောင့် ထိုလယ်မြေများသည် အခြားလူမျိုးခြားများ၏ လယ်မြေများ ဖြစ်သွားကြရခြင်း။

(ဂ) ရပ်ရွာအတွင်းသို့ နအဖစစ်တပ်များ ဝင်ရောက်တပ်စွဲခြင်း

ကြောင့် အချို့သောရွာသူရွာသားများက ဒုက္ခသည်အဖြစ်လည်းကောင်း၊ အိုးမဲ့အိမ်မဲ့ထွက်ပြေးပုန်းရှောင်နေသောလူထုအဖြစ်လည်းကောင်း၊ ထွက်ပြေးပုန်းရှောင်ရာမှ ကျန်ရစ်သူများက ထွက်ပြေးပုန်းရှောင်သူ၏ မြေများကိုရွာအတွင်းသို့ ဝင်ရောက် နေထိုင်လာသောပြင်ပမှလူသစ်များထံ ရောင်းချပေးခြင်းကြောင့် ကိုယ်ပိုင်မြေရှင်၊ ခြံရှင်များ၏ မြေယာများဆုံးရှုံးသွားရခြင်း။

(ဃ) အချို့သောနယ်မြေများတွင် အဖိုးတန်ကျောက်မျက်ရတနာများဖြစ်သည့် ရွှေ၊ သတ္တုနှင့် အခြားပစ္စည်းများရှိခြင်း ကြောင့် ငွေရှင်ကြေးရှင်များနှင့် ကုမ္ပဏီများက နယ်မြေအတွင်းရှိ တွင်းထွက်သတ္တုပစ္စည်းများကို ဝင်ရောက်တူးဖော်ခြင်းဖြင့် ရွာသူရွာသားများ၏ စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးရသည့်အပြင် သဘာဝပတ်ဝန်းကျင်များကိုလည်း ထိခိုက်ပျက်စီးစေခြင်းများဖြစ်သည်။

## ၃။ နောင်အချိန်တွင် ကရင်ပြည်နယ်အတွင်းရှိမြေယာများ အောက်ဖော်ပြပါအကြောင်းရင်းများကြောင့် ပိုမိုပျက်စီးဆုံးရှုံးနိုင်မည်။

(က) မြန်မာအစိုးရနှင့် ထိုင်းအစိုးရတို့၏ သဘောတူညီချက်အပေါ် သံလွင်မြစ်နှင့် အခြားသောမြစ်များတွင် ရေကာတာ ကြီးများ တည်ဆောက်မည်ဖြစ်သဖြင့် ဤစီမံကိန်းများ ဖြစ်မြောက်အောင်မြင်လျှင် ဌာနေလူထုများ၏ လယ်ယာမြေနှင့် အဖိုးတန်သစ်တောများပျက်စီးဆုံးရှုံးရမည်။

(ခ) နအဖခေါင်းဆောင်များနှင့် ထိုင်းနိုင်ငံခေါင်းဆောင်များတို့၏ နှစ်ဦးနှစ်ဖက်အကြားသဘောတူညီချက်အရ ကြီးမားသော စိုက်ပျိုးရေးစီမံကိန်းများ (Contract Farming) ပြုလုပ်မည်ဖြစ်သည်။ ဤစီမံကိန်းများအောင်မြင်လျှင် ပြင်ပမှလူအများအပြား ကရင်ပြည်နယ်အတွင်းသို့ ဝင်ရောက်နေထိုင်လုပ်ကိုင်စားသောက်မည်ဖြစ်သောကြောင့် လယ်ယာမြေအများအပြားသည် တစ်ပါးသူ၏မြေများဖြစ်သွားရမည်ဖြစ်ပြီး သဘာဝသစ်တောများလည်း ပျက်စီးဆုံးရှုံးမည် ဖြစ်သည်။

(ဂ) မြန်မာနိုင်ငံနအဖအစိုးရသည် မြဝတီနှင့် ဘားအံမြို့များတွင် စီးပွားရေးဇုံများအဖြစ် တည်ထောင်မည်ဖြစ် သဖြင့် ဤကြီးမားသောစီမံကိန်းများ အောင်မြင်မည်ဆိုလျှင် ဌာနေလူထုများ၏မြေယာမြေကွက်များစွာ ပျက်စီးဆုံးရှုံးမည် ဖြစ်သည်။

(ဃ) နအဖအစိုးရသည် ကရင်ပြည်နယ်အတွင်း လမ်းဖောက်လုပ်ရေးနှင့် စီးပွားရေးစီမံကိန်းများ တည်ထောင်မည့်လုပ်ငန်းအစီအစဉ်များစွာရှိခြင်းကြောင့် ဤအစီအစဉ်များ အောင်မြင်လျှင် ပြင်ပမှလူအများအပြား ကရင်ပြည်နယ်အတွင်းသို့ ဝင်ရောက်နေထိုင်ပြီး ဌာနေလူထုများ၏ လယ်ယာမြေများနှင့် ဓလေ့ထုံးတမ်းစဉ်လာများစွာ ဆုံးရှုံးပျောက်ကွယ်သွား မည်ဖြစ်သည်။

# အခန်း(၂)

## လယ်ယာမြေ အမျိုးမျိုး (Classification)

### ၁။ မြေအမျိုးအစား (Type of land)

### (က) သစ်တောကြိုးဝိုင်း ( Reserved areas)

သစ်တောကြိုးဝိုင်းဆိုသည်မှာ အာဏာပိုင်များသတ်မှတ်ထားသည့် အဖိုးတန်သစ်များရှိသည့် မြေကွက်ဖြစ်သည်။ အဖိုးတန်သစ်များ ဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုးနှင့် အခြားသောသစ်မာများ ပေါက်ရောက်သည့် နေရာ ဖြစ်သည် သာမက တောရိုင်းတိရစ္ဆာန်များကျက်စား ရာနေရာလည်းဖြစ် သည်။ သစ်တောကြိုးဝိုင်းအတွင်း တောင်ယာခုတ်ခြင်း၊ နှင့် စိုက်ပျိုးရေး လုပ်ငန်းများ လုပ်ကိုင်ခွင့်မရှိပေ။ သစ်တောကြိုးဝိုင်းအတွင်း ရှိသောအရာ အားလုံးသည် သစ်တောဌာန နှင့် သက်ဆိုင်သည်။

### (ခ) တိရစ္ဆာန်ကြိုးဝိုင်း (Wildlife Protected Areas)

အာဏာပိုင်များက တိရစ္ဆာန်ကြိုးဝိုင်းဟူသည် သစ်ပင်ဝါးပင်များ ကြီးမားထူထပ်စွာပေါက်ရောက်၍ တိရစ္ဆာန်အမျိုးမျိုးခိုအောင်း နေထိုင်ရန် နေရာဟု သတ်မှတ်ထားသည့်မြေကွက်တစ်ခုဖြစ်သည်။ တိရစ္ဆာန်ကြိုးဝိုင်း အတွင်းတွင် ပေါက်ရောက်လျက်ရှိသော သဘာဝအရင်းအမြစ်များကို သွား ရောက်ဖျက်စီးခြင်းမပြုရန် ကန့်ကွက်ထားသည်။ တိရစ္ဆာန်ကြိုးဝိုင်း သည်လည်း သစ်တောဦးစီးဌာနလက်အောက်တွင်ထားရှိသည်။ တိရစ္ဆာန် များလွတ်လပ်စွာသွားလာနိုင်သည့် ဥယျာဉ်အဖြစ် သတ်မှတ်ထားသည်။

## (ဂ) အပန်းဖြေစခန်း (National Park)

မြန်မာနိုင်ငံအတွင်းသော်လည်းကောင်း၊ ကရင်ပြည်နယ်အတွင်းသော်လည်းကောင်း အပန်းဖြေစခန်းဟူ၍ သီးသန့်သတ်မှတ်ထားသောနယ်မြေမရှိသေးပေ။ ထိုသို့သောနယ်မြေများတွင် သစ်တောများခုတ်ထွင်ခြင်းနှင့် တိရစ္ဆာန်များ ပစ်ခတ်ခြင်းကိုမ ပြုလုပ်ရပါ။ သဘာဝအတိုင်းတိရစ္ဆာန်များကို ရှုစားသည့် နေရာဒေသတစ်ခုဖြစ်သည်။ သွားရောက်အပန်းဖြေရန်နှင့် သဘာဝ အလှအပများကို ကြည့်ရှုရန်နေရာတစ်ခုဖြစ်သည်။

## (ဃ) စိုက်ပျိုးရေးမြေ (Agriculture Land)

စိုက်ပျိုးရေးမြေသည် ကျွန်ုပ်တို့ကရင်ပြည်နယ်အတွင်း စိုက်ပျိုးရေးမြေအမျိုးအစားများစွာရှိပါသည်။ ကရင်ပြည်နယ်အတွင်းရှိ တိုင်းသူပြည်သားများ လုပ်ကိုင်နေလျက်ရှိသော မြေမှာအောက်ပါအတိုင်း ဖြစ်ပါသည်။

### (၁) ဆန်စပါးစိုက်ပျိုးခြင်း (သို့) ရေများသောအရပ်၌စပါးစိုက်ပျိုးခြင်း (Paddy field or wet rice farmland)

ရေများသောအရပ်၌စပါးစိုက်ပျိုးရာမြေသည်လယ်မြေဖြစ်သည်။ ရေများစွာရရှိသောနေရာနှင့် မိုးတွင်းတွင် နှစ်တိုင်းဆန်စပါးစိုက်ပျိုးသည့်မြေဖြစ်သည်။

### (၂) ရေနည်းရပ်ဝန်းဒေသ၌ဆန်စပါးစိုက်ပျိုးခြင်း (Dry rice farmland)

သင့်တော်စွာစောင်းလျက်ရှိသော တောင်စောင်းတွင် လှေခါးထစ်သဖွယ် (Contour Farming & Agro-Forestry) နှစ်စဉ်တနေရာတည်းတွင်ဆန်စပါးစိုက်ပျိုးသည့် နေရာဖြစ်သည်။ ရေမရရှိနိုင်သောမြေပြန့်ဒေသတွင် နှစ်စဉ် ဆန်စပါး စိုက်ပျိုး

နိုင်သောနေရာတွင် ရေနည်းရပ်ဝန်းဒေသ၌ ဆန်စပါး စိုက်ပျိုး ခြင်းဟုခေါ်သည်။

(၃) **မိုးတွင်း၌ရေလွှမ်းခြုံထားသော နုန်းမြေ** (Silt farmlands flood in rainy season)

နုန်းမြေဟူသည်မြစ်ချောင်းကမ်းနားဘေးတွင် တည်ရှိသည့် မြေပြန့်တစ်ခုဖြစ်သည်။ ဤမြေများကို မိုးတွင်းအချိန်၌ရေ လွှမ်းမိုးမှုရှိသော်လည်း အချို့သောနှစ်တွင် ရေလွှမ်းမိုးခြင်းမရှိ ပေ။ ထိုမြေများကို ပျက်စီးသွားအောင် ရေတိုက်စားခြင်းမရှိပါ။ ဤမြေများကိုရေလွှမ်းမိုးမှုဖြင့် မြေဩဇာကောင်းသောကြောင့် နုန်းမြေဟုခေါ်ဆိုခြင်းဖြစ်သည်။

(၄) **ရောနှောစိုက်ပျိုးမြေ** (Mix croplands)

ခြံပိုင်ရှင်များက အသီးအနှံပင်၊ ဟင်းသီးဟင်းရွက်ပင်ပေါင်း များ စွာကို ရောနှောပြီး စိုက်ပျိုးနိုင်သည့် အပင်များကိုစားသုံး ရန်နှင့် ရောင်းချရန်အတွက် စိုက်ပျိုးထားသောမြေကွက်ကို ရော နှောစိုက်ပျိုးမြေကွက်ဟုခေါ်သည်။

(၅) **သီးနှံဥယျာဉ်ခြံမြေ** (Orchards)

သီးနှံမျိုးပေါင်းများစွာကို ရောင်းချရန်နှင့် စားသုံးရန်အတွက် စိုက်ပျိုးသည့်မြေကွက်ကို သီးနှံ ဥယျာဉ်ခြံဟုခေါ် ဆိုသည်။ နှစ်ရှည်ခံသည့်အပင်များ စိုက်ပျိုးထားခြင်းဖြစ်သည်။

(၆) **တောင်ယာစိုက်ပျိုးမြေ** (Shifting Agricultural Land)

အများအားဖြင့် တောင်ယာကိုတောတောင်ဒေသတွင်သာ လုပ်ကိုင်ကြသည်။ လွန်ခဲ့သောကာလကလူဦးရေနည်း သော ကြောင့် တောင်ယာခုတ်ပြီးသားနေရာကို ခုနှစ်နှစ်မှ ဆယ်နှစ်

အထိ ထားရှိပြီး ပြန်လည်အသုံးပြုသောကြောင့် မြေသြဇာကောင်း၍ ဆန်စပါးများဖြစ်ထွန်းပြီး တောင်ယာစိုက်ပျိုးသူများအတွက် စားနပ်ရိက္ခာများလုံလောက်စွာရရှိသည်။ သို့သော် ယနေ့လူဦးရေတိုးပွားလာခြင်းကြောင့် ၎င်းတို့၏ တောင်ယာမြေများကို သုံးနှစ်မှငါးနှစ်အတွင်းသာထားရှိပြီး ပြန်လည် အသုံးပြုရတော့သည်။

## (၇) စားကျက်မြေ (Grazing land)

ကျေးရွာတွင် ရွာသူရွာသားများက ကျွဲနွားတိရစ္ဆာန်များ စားသောက်ရန်အတွက် ထားရှိသောမြေကွက်တစ်ကွက်ဖြစ်သည်။ ဤသို့သောမြေကွက်များကိုရပ်ရွာနေပြည်သူများ စားကျက်မြေအဖြစ်အသုံးမပြုလိုသောအချိန်တွင် စိုက်ပျိုးမြေအဖြစ် ပြန်လည်အသုံးပြုနိုင်ပါသည်။

## (၈) ကန့်ကွက်မြေ (Protected Agriculture Land)

ကန့်ကွက်မြေဟူသည် သစ်တောနယ်မြေအတွင်း စိုက်ပျိုးမြေအဖြစ်သို့ ပြောင်းလဲလိုက်သော မြေနေရာတစ်ခု ဖြစ်သည်။ မည်သည့်အကျိုးဖြစ်ထွန်းမှုမှ အကောင်အထည်မတွေ့ရှိရသော်လည်းလုပ်ကိုင်သူသည် ထိုမြေကို ကန့်ကွက်ထားပြီး အခြားသူများမလုပ်ရန် တားမြစ်ထားသည်။ ဤမြေ၌ စာရွက်စာတမ်းမရှိပါ။ ဤကန့်ကွက်မြေကို ရောင်းဝယ်၍သော်၎င်း၊ အခြားသူ၏လက်ထဲသို့သော်၎င်း၊ ငှားရမ်းပြီးအမွေအပ်နှင်းခြင်းမျိုးလည်း မပြု၍ မရပေ။

(၉) **ကန့်ကွက်မြေ၏ပြင်ပ** (Outside Protected Aera)

ကန့်ကွက်မြေ၏ပြင်ပဟူသည် တိရစ္ဆာန်ကြိုးဝိုင်း၊ သစ်တောကြိုးဝိုင်း၊ အပန်းဖြေစခန်းနှင့် လူ့အဖွဲ့အစည်း သစ်တောမြေ စသည့် မြေများ၏ပြင်ပမှ ရှိသည့်မြေများသည် စိုက်ပျိုးမြေများ ဖြစ်သည်။

## (င) လူမှုအဖွဲ့အစည်း၏မြေ (Community Land)

လူမှုအဖွဲ့အစည်း၏မြေသည် တောသူတောင်သားများနှင့်သာ သက်ဆိုင်ပြီး မည်သူတစ်ဦးတစ်ယောက် မျှပိုင်ဆိုင်ခြင်းမရှိပါ။ အစိုးရအာဏာပိုင်မြေလည်းမဟုတ်ပါ။ ကျေးရွာ၏နယ်စပ်မြေ (သို့) လူကြီးမိဘများက ကျေးရွာ နယ်နမိတ် ဟုသတ်မှတ်ခေါ်ဆိုသောမြေဖြစ်သည်။ ကျေးရွာနေတောသူတောင်သားများအားလုံး အသုံးပြုရန်ဖြစ်သည်။

(၁) **တောင်ယာမြေများ** (Shifting Agricultural Land)

တောင်ယာများကို အများအားဖြင့် တောသူတောင်သားများ၏ နယ်မြေတွင်သာ လုပ်ကိုင် ကြသည်။ လွန်ခဲ့စဉ်အချိန်က လူဦးရေနည်းပြီးတောင်ယာကို (၇) နှစ်မှ (၁၀) နှစ်အထိထားရှိပြီးမှသာ ထိုနေရာကို ပြန်လည်အသုံးပြုခြင်းဖြင့် မြေသြဇာ ပိုမိုကောင်းမွန်ပြီး ဆန်စပါးများကောင်းမွန်သောကြောင့် တောင်ယာလုပ်သူများအတွက် ဆန်စပါးလုံလောက်စွာ ရရှိသည်။ သို့သော် ယနေ့လူဦးရေများပြားလာခြင်းကြောင့် တောင်ယာမြေကို သုံးနှစ်မှ ငါးနှစ်အထိသာ ထားရှိပြီးပြန်လည် စိုက်ပျိုး ကြသူများလည်းရှိသည်။

(၂) **လူမှုအဖွဲ့အစည်း၏သစ်တော** (Community Forest)

လူမှုအဖွဲ့အစည်း၏သစ်တောဆိုသည်မှာ တောသူတောင်

သားတစ်စုမှ သစ်ပင် ဝါးပင်များထားရှိရာ မြေကွက်ဟုသတ်မှတ်ထားပြီး အိမ်ဆောက်လုပ်ရာတွင် လိုအပ်သော သစ်ဝါးများကို အလွယ်တကူအသုံးပြုနိုင်ရန်အတွက် သစ်ပင်ဝါးပင်များကိုထိန်းသိမ်းထားသော နယ်မြေဖြစ်ပြီး သစ်တောဌာနနှင့်သာတိုက်ရိုက်သက်ဆိုင်သည်။ လူမှုအဖွဲ့အစည်း၏မြေပိုင်ဆိုင် ခွင့် (ဂရံ) လျှောက်တင်ရန်အတွက် လူမှုအဖွဲ့အစည်း၏ သစ်တောဉပဒေလမ်းညွှန်ရှိသည့်အတိုင်း မြို့နယ်လယ်ယာဌာနမှူးက စီစစ်ပြီး လိုအပ်ပါက လူမှုအဖွဲ့အစည်း၏ လျှောက်တင်လွှာကို ခရိုင်သစ်တောဦးစီးဌာနသို့ ထောက်ခံချက်တစ်စောင် ရေးသားပေးပို့ရမည်။

## (၃) **စားကျက်မြေ** (Grazing Land)

ကျေးလက်တောရွာလူတစုက မိမိတို့၏ ကျွဲနွားတိရစ္ဆာန်များ ကျက်စား နိုင်ရန်အတွက် သတ်မှတ်ထားရှိသောနယ်မြေတစ်ကွက်ဖြစ်သည်။

## (၄) **သင်္ချိုင်းမြေ၊ သုသာန်မြေ** (Grave Land)

သုသာန်မြေသည် ကျေးရွာပြည်သူများ၏ မြေဖြစ်သည်။ ရွာသူရွာသားများ သေဆုံးသွားသောအခါ ၎င်းတို့၏ ရုပ်အလောင်းများကိုသွားရောက်မြှုပ်နှံရန် သတ်မှတ်ထားသည့်နေရာ (သို့) မီးရှို့သင်းဂြိုလ်ရန် နေရာတစ်ခုဖြစ်သောကြောင့် သင်္ချိုင်းမြေဟုခေါ်ဆိုခြင်းဖြစ်သည်။ သုသာန်မြေဟူသည် သေလွန်ပြီ ဖြစ်သောလူများ၏အသက်ရှင်စဉ်တွင်အသုံးပြုခဲ့သောအသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များကိုသွား ရောက်ထားရှိသည့် မြေကွက်ဖြစ်သည်။

(၅) **ဘာသာရေးနှင့်သက်ဆိုင်သောမြေ** (Religious Land)

ရွာသူရွာသားများက နေရာတစ်ခုခုကို သတ်မှတ် ၍ ဝတ်ပြုကိုးကွယ်ရန် (သို့) ဘာသာရေးနှင့်သက်ဆိုင်သော အဆောက်အဦးတစ်ခုခု တည်ဆောက်သည့်နေရာသည် ဘာသာရေးနှင့်သက်ဆိုင်သော နယ်မြေဖြစ်သည်။

(၆) **ဘာသာရေးနှင့်သက်ဆိုင်သောစိုက်ပျိုးရေးမြေ**

လူ့အဖွဲ့အစည်းမှဘာသာရေးတစ်ဖွဲ့သည် ဘာသာရေးနှင့်သက်ဆိုင်သည့် စိုက်ပျိုးရေးမြေဟု သတ်မှတ်ပြီးဘာသာရေးအဖွဲ့၏ ဝင်ငွေအတွက်သော်၎င်း၊ ဘာသာ ရေးလုပ်ကိုင်သူတို့အသုံးပြုရန်အတွက်သော်၎င်း၊သတ်မှတ်ထားသည့်မြေကို ဘာသာရေးနှင့်သက်ဆိုင်သော စိုက်ပျိုးရေးမြေဟု ခေါ်သည်။

(၇) **ကျေးရွာနယ်မြေ** (Village Land)

ကျေးရွာပြည်သူပြည်သားများနေထိုင်ရန် အိမ်များဆောက်လုပ်သည့်မြေကွက်ကို ကျေးရွာနယ်မြေဟုခေါ်သည်။

(၈) **ဆေးမြစ်ဝါးပင်ကြိုးဝိုင်း** (Herbal Medicine Areas)

ရွာသူရွာသားများက ဆေးမြစ်ဝါးပင်များ ပေါက်ရောက်ပြီးသားဖြစ်ပြီး ဆေးဝါးအတွက် အပင်အမျိုးအစားပေါင်း မြောက်များစွာကို ထပ်လောင်းစိုက်ပျိုးကြရာ ကောင်းမွန်သင့်မြတ်သည့်နယ်မြေတစ်ခုဟု သတ်မှတ်ထားပြီးလိုအပ်သည့်အခါတွင် ထိုနေရာသို့ သွားရောက်ခူးယူ အသုံးပြုကြသည်။ ဤသို့သော မြေကွက်ကို ဆေးမြစ်ဝါးပင်ကြိုးဝိုင်းဟုခေါ်သည်။

(စ) **အဖွဲ့အစည်းနှင့်သက်ဆိုင်သောမြေနှင့် လူမှုအဖွဲ့အစည်း၏မြေ**

ထိုသို့သောမြေများကို အစိုးရမှ တည်ဆောက်ခြင်း (သို့) ပြည်သူ

ပြည်သားများနှင့်ပူးပေါင်း၍ အများပြည်သူအတွက် အကျိုးရှိသည့် ကျောင်း ခြံ၊ ၊ဆေးရုံခြံများသည် အဖွဲ့အစည်းနှင့် သက်ဆိုင်သောမြေ နှင့် လူမှုအဖွဲ့အစည်း၏မြေဖြစ်သည်။

## (ဆ) အဖွဲ့အစည်း၏မြေ

နိုင်ငံတော်အစိုးရကသော်လည်းကောင်း၊ ပြည်သူပြည်သားများအတွက်လုပ် ကိုင်ဆောင်ရွက်သည့် NGO အဖွဲ့သော်လည်းကောင်း၊လူ့အဖွဲ့အစည်းနှင့်တောင်သူ လယ်သမားများအကျိုးအတွက် ကူညီဆောင်ရွက်သည့် အဖွဲ့အစည်းအားလုံး၏ အဆောက်အဦးနယ်မြေများသည် အဖွဲ့အစည်းနှင့်သက်ဆိုင် သောမြေဖြစ်သည်။

## (ဈ) ကျောက်စရစ်သဲမြေ

စိုက်ပျိုးရေးမြေအဖြစ်အသုံးပြု၍မရသောမြေဖြစ်သည်။ ထိုသို့သောမြေအမျိုးအစားတွင် ကျောက်စရစ်သလဲ၊ သဲများသာရှိပြီး မြေသားအနည်းငယ်သာရှိသည့်နေရာဖြစ်သည်။

## (ည) သဲသောင်ပြင် (သို့) သဲဂန္တာရ (Desert Land)

သဲဂန္တာရသည် ကရင်ပြည်နယ်အတွင်းတွင်မရှိပေ။ သဲများသာရှိပြီး စိုက်ပျိုးရေးအတွက် အသုံးပြု၍ မရသည့် နေရာတစ်ခုဖြစ်သည်။

## (တ) ရေပူစမ်း၊ ရေအေးစမ်း (တောရိုင်းတိရစ္ဆာန်များ၏ဆေးဝါးနေရာ)

ဤမြေ (ရေပူ၊ရေအေးစမ်း) သည် တောတိရိစ္ဆာန်များကျက်စားရာနေရာတွင်တည်ရှိ၍ တိရိစ္ဆာန်များ၏ကျန်း မာရေးအတွက် အတူတကွသွားရောက် ကျက်စားသောက်သုံးသည့်နေရာတစ်ခုဖြစ်သည်။ ဤနေရာသည် တောတွင်း ထဲတွင်တည်ရှိ၍ ရေအိုင်နှင့် အိုင်နံဘေးတွင် မျက်ပင်လေးများပေါက်ရောက်ပြီး အိုင်ထဲတွင်ရှိသော သဲငံများသည် တိရိစ္ဆာန်များ၏ဆေးဝါးများ ဖြစ်ပါသည်။

## (ထ) တောင်ကတုံး

တောင်ထိပ်တွင်တည်ရှိသည့်နေရာတစ်ခုဖြစ်ပြီး သစ်ပင်ဝါးပင်များ ပေါက် ရောက်မှုနည်းပါးကာရှင်းလင်းစွာ တည်ရှိ သောတောင်ကုန်းမြေပြင် ဖြစ်သည်။ ဤသို့သောမြေများသည်လည်း စိုက်ပျိုးမြေအတွက် မသင့် လျော်ပေ။

## (ဒ) မြေအရှင် (Unstable Land)

## (မြစ်ကမ်းနဘေးရှိစိုက်ပျိုးရေးခြံ (River bank garden)

မြစ်လယ်တွင်ပေါ်ထွန်းသောကျွန်း (သို့) မြစ်ကမ်းနဘေးတစ်ဖက် တစ်ချက်စီမှာ တည်ရှိသောမြေဖြစ်သည်။ မိုးတွင်းကုန်ချိန် (မိုးရေကုန်ချိန်) တွင်သာအသုံးပြုနိုင်သည်။ ထိုသို့သောမြေများသည် အများအားဖြင့်နှစ် အနည်းငယ်သာတည်ရှိပြီး ပြောင်းလဲနိုင်ခြင်း၊ မြေများကျဉ်းမြောင်းသွား နိုင်ခြင်း (သို့) ကျယ်ပြန့်လာနိုင်ခြင်းမှာ ရေကြီးချိန်၌ မြစ်နံဘေးတစ်ဖက်တစ် ချက်စီရှိ ရေများတိုက်စားမှုကြောင့် ဖြစ်သည်။

## (န) မြေအသေ (Stable Land)

မြေအသေဟူသည် လယ်မြေ၊ ဥယျာဉ်၊ ခြံများကို ဆိုလိုခြင်းဖြစ် သည်။ ထိုမြေများသည် ရေတိုက်စားခြင်းမရှိပါက အမြဲပင်တည်ရှိနေ သည်။ တစ်ဦးတစ်ယောက် (ပုဂ္ဂလိက) ပိုင်ဆိုင်ခွင့်ကို ပေးနိုင်သည်။

## (ပ) အင်းအိုင်မြေ

အင်းအိုင်မြေသည် အများအားဖြင့် မြေပြန့်ကွင်းပြင်တွင် တည်ရှိ သောမြေတစ်မျိုးဖြစ်ပြီး အင်းများရှိသည့် နေရာဖြစ်သည်။ အင်းအချို့သည် အစိုးရများနှင့်သက်ဆိုင်ပြီး ဌာနေပြည်သူများနှင့် သက်ဆိုင်သော အင်း အချို့လည်း ရှိသည်။ အင်းအားလုံး၏ပတ်ဝန်းကျင် အတောင်တစ်ရာ ပတ်ပတ်လည်တွင် စိုက်ပျိုးရေးလုပ်ငန်းမပြုလုပ်ရ။ သွားရောက် လုပ်ကိုင်

သူတိုင်းကို နယ်မြေခံတာဝန်ရှိသူများက ဒေသခံ၏ချမှတ်ချက်သည့်စည်းမျဉ်း စည်းကမ်းအတိုင်း အရေးယူ ဆောင်ရွက်နိုင်သည်။ အင်းအိုင်မြေများသည် ငါးမွေးမြူရေးဌာနနှင့် သက်ဆိုင်သည်။

## ၂။ မြေပိုင်ရှင်နှင့်မြေယာအသုံးပြုမှု
(Ownership of land and land usage)

### (က) ဌာနေမြေပိုင်ရှင် (Native Land Owner)

ဌာနေမြေရှင်များသည် ကရင်ပြည်နယ်အတွင်း ရှေးပဝေသဏီက တည်းက နေထိုင်လာခဲ့သောလူမျိုးဖြစ်သည့် အပြင် ၁၉၈၈ ခုနှစ်မတိုင်မီ က တည်းက ကရင်ပြည်နယ်အတွင်း ဝင်ရောက်နေထိုင်ခဲ့သူများဖြစ်သည်။

### (ခ) မျိုးချစ်မြေရှင် (Patriotic landowner)

မျိုးချစ်မြေရှင်ဟူသည် (၁)ကရင်အမျိုးသားအစည်းအရုံး (KNU) ကိုကူညီထောက်ပံ့ခဲ့သူဖြစ်၍ အခွန်အကောက်များကိုလည်း မှန်မှန် ကန်ကန်ပေးဆောင်ခဲ့သူ ဖြစ်ခြင်း (၂) (KNU) အဖွဲ့ အစည်းအတွင်း ဌာန တခုခုတွင် ပါဝင်လုပ်ကိုင်သူဖြစ်ခြင်း (၃) (KNU) အဖွဲ့အစည်းနှင့် ပြည်သူ လူထုအများအကျိုးအတွက်လုပ်ကိုင်ဆောင်ရွက်သည့် လူမှုအဖွဲ့အစည်း များဖြစ်ခြင်း (၄) တော်လှန်ရေးအတွက် ထိရောက်စွာလုပ်ကိုင်ဆောင် ရွက်သူဖြစ်ခြင်း (၅) မြေယာ မရှိသည့်တောင်သူလယ်သမားများအတွက် စဉ်းစားပေး၍ကူညီဆောင်ရွက်ပေးသူဖြစ်ခြင်း (၆) မြေငှားရမ်း လုပ်ကိုင် သူများအတွက် စဉ်းစားပေး၍ မြေလျှော့ပေးသူဖြစ်ခြင်း (၇) လယ်ယာ စိုက်ပျိုးသူနှင့် ရွာသူရွာသားများ၏ မုန်းတီးခြင်း ကိုမခံရသည့်သူဖြစ်ခြင်းနှင့် (၈) တောင်သူလယ်သမားများအပေါ်သွေးစုတ် ခေါင်းပုံဖြတ်မှုမရှိသူဖြစ်ခြင်း စသည်တို့သည် မျိုးချစ်မြေရှင်များဖြစ်သည်။

(ဂ)　ပြင်ပလူဆိုသည်မှာ (An Outsider)

ဌာနေပြည်သူများမဟုတ်၊ မျိုးချစ်မြေရှင်လည်းမဟုတ်၊ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ကရင်ပြည်နယ်အတွင်း ဝင်ရောက်နေထိုင်သောသူများကို ဌာနေပြည်သူဟု မသတ်မှတ်ပေ။ ထိုသို့သောလူများသည် မြေယာပိုင်ဆိုင်ခွင့် မပေးထားပေ၊ သတ်မှတ်ချိန်အတိုင်းသာ မြေယာငှားရမ်းလုပ်ကိုင်ခွင့်ရှိသည်။

(ဃ)　မတရားသောမြေရှင် (Unfair land Owner)

မြေကွက်များစွာကို ပိုင်ဆိုင်သည့်မြေရှင်ဖြစ်သည်။ လယ်မြေမရှိသူအတွက်စဉ်းစားပေးခြင်းမရှိဘဲ ဆင်းရဲသောလယ်လုပ်သား၊ တောင်ယာလုပ်သားများအပေါ် မတရားသောအစွန်းအမြတ်ကို လွန်ကျွံစွာယူပြီး မြေယာငှားရမ်းပေးခြင်း။ ထိုသို့သောမြေရှင်များကို မတရားသောမြေရှင်ဟုသတ်မှတ်ထားသည်။

# အခန်း (၃)

## မြေယာပေါ်လစီကိုလက်ခံအတည်ပြုခြင်း

## (Approval of the policy)

ကရင်အမျိုးသားအစည်းအရုံး၏မြေယာပေါ်လစီကို ၂၀၀၉ခုနှစ် မေလ (၆) ရက်နေ့တွင်ပြုလုပ်သော (KNU) ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးတွင် လက်ခံအတည်ပြုပြီး ထိုနေ့မှစ၍ (KNU) ၏ အုပ်ချုပ်ရေး နယ်မြေဒေသအားလုံးတွင် လိုက်နာကျင့်သုံး နိုင်သည်။

# အခန်း (၄)

## မြေယာပေါ်လစီ၏ ကြွေးကြော်သံ (Slogan)

(KNU) မြေယာလုပ်ငန်းလမ်းစဉ်၏ ကြွေးကြော်သံ ( Slogan ) – **"ပှၤဟးမုၢ်ဖိအဟီၣ်ခိၣ်ကအိၣ်လၢပှၤဟးမုၢ်ဖိအစုပူၤ"** ( Land to the Native People ) (ဌာနေလူထု ဌာနေမြေပိုင်ရေး) ဖြစ်ပြီး ဌာနေလူထုများသည် ပဒေသရာဇ်ခေတ်မှ ယခုတိုင် ကရင်ပြည်နယ်အ တွင်းတွင်နေထိုင်ခဲ့သူများဖြစ်သည်။ ဤလမ်းစဉ်၏မျှော်မှန်းချက်မှာ ကျွန်ုပ်တို့လုပ်ကိုင် သောလယ်မြေသည်ကျွန်ုပ်တို့လက်ထဲတွင်သာရှိပြီး အခြားသူများလက်ထဲသို့မရောက်ရှိစေရန် ဖြစ်သည်။ သို့သော်ယနေ့ ကမ္ဘာလုံးဆိုင်ရာ ဆက်စပ်မှု (Globalization) သာမက (နအဖ)စစ်အစိုးရ၏ အုပ်ချုပ်မှုလမ်းစဉ်မှာ ကရင်လူမျိုးများအ ပါအဝင် အခြားသောတိုင်းရင်းသားငယ်အားလုံး ပျောက်ကွယ်သွားရန် စီစဉ်ဆောင်ရွက်ခြင်းကြောင့် ကရင်လူမျိုး ပျောက်ကွယ်သွားပြီး ကရင်အမျိုးသားပိုင်လယ်မြေများသည် အခြားလူမျိုးများ၏ ပိုင်ဆိုင်မြေဖြစ်သွားရမည့်လမ်းကြောင်း များစွာရှိနေပါသည်။ ထို့ကြောင့် ယခင်ကချမှတ်ခဲ့သောလမ်းစဉ်ဖြစ်သည့် **"လက်ငုတ်လက်မလွတ်ရေး"** အခြေခံပေါ်တွင် ရပ်တည်ပြီး မိမိတို့၏လယ်ယာမြေများကို ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် လယ်ယာမြေလမ်းစဉ်ကို **"ဌာနေလူထု ဌာနေမြေပိုင်ရေး"** လမ်းစဉ်သို့ ပြုပြင်ပြောင်းလဲလိုက်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့ ကရင်လူမျိုးများ ဤမြေယာလမ်းစဉ်ကို နားလည်သဘောပေါက်ကြ၍ မိမိတို့ ၏မြေယာများကို ချစ်မြတ်နိုးကြပြီး အခြားသူများကြုံးကျော်သိမ်းပိုက် ခြင်းမပြုနိုင်ရန်နှင့် ထိန်းသိမ်းကာကွယ်နိုင်ရန် လယ်သမားများကို ရှင်းလင်းပြောပြရမည့်တာဝန်ရှိသည်။

# အခန်း (၅)

## မြေယာလမ်းစဉ်၏ ရည်ရွယ်ချက်များ
## (Land Policy Objectives)

ဤမြေယာလမ်းစဉ်သည် ကရင်အမျိုးသားတောင်သူ လယ်သမားများ မိမိတို့၏မြေကို ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် အခြားသူများလက်ထဲသို့မရောက်ရှိနိုင်ရန်အတွက် ထိန်းသိမ်းစောင့်ရှောက်ရမည့် သဘောတရားကို နားလည်နိုင်သည့် လမ်းကြောင်းတစ်ခုဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို တိုးတက်အောင်မြင်ရေးလမ်းစဉ်ဖြစ်စေမည့် ရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးရေးအတွက် အောက်ပါအတိုင်းရည်ရွယ်ချက်များကို ဖေါ်ပြထားပါသည်။

## မြေယာလမ်းစဉ်၏ရည်ရွယ်ချက်များ
## (Land Policy Objectives)

ဌာနေလူထုများ၄င်းတို့၏လယ်မြေများကို လုံခြုံစိတ်ချစွာပိုင်ဆိုင်နိုင်ရန်အတွက် (KNU) လယ်ယာ စိုက်ပျိုး ရေးဌာနမှ ရေးသားသော မြေယာလမ်းစဉ်၏ ရည်ရွယ်ချက်မှာ ကော်သူးလေနယ်မြေတွင်ပိုမို ကောင်းမွန်သောလယ်မြေ ဆိုင်ရာစီမံအုပ်ချုပ်မှုဖြစ်စေရန်အခြေအနေနှင့် ကိုက်ညီသောမြေယာလမ်းညွှန်ကိုချမှတ်နိုင်ရန် –

– မြေအမျိုးအစားကို တိကျအောင်ပြုလုပ်ခြင်းနှင့် လုပ်ကိုင်စားသောက်နိုင်သည့်မြေနှင့် အသုံးမပြုနိုင်သည့် မြေ များကို ခွဲခြားသတ်မှတ်ပေးခြင်း။

– ဌာနနှင့်သက်ဆိုင်သောမြေယာများ၊ မြေယာပိုင်ဆိုင်သူများ၏ တာဝန်နှင့် လိုက်နာဆောင်ရွက်ရမည့် အချက်များကို သတ်မှတ်ပေးခြင်း၊

– မြေယာအမျိုးအစားနှင့် အုပ်ချုပ်မှုစည်းမျဉ်းစည်းကမ်းများကိုသတ်မှတ်ပေးခြင်း၊

– လူတစ်ဦးပိုင်ဆိုင်နိုင်သည့် မြေယာအကျယ်အဝန်းကို သတ်မှတ်ပေးခြင်း၊

– မြေယာပိုင်ဆိုင်မှုစာရွက်စာတမ်းပုံစံနှင့် နည်းလမ်းများကို တိကျအောင်သတ်မှတ်ပေးခြင်း၊

– ရောင်းရန်မြေနှင့် ငှားရမ်းရန်မြေတို့၏အခွင့်အရေးနှင့် နည်းလမ်းများကို သတ်မှတ်ပေးခြင်း၊

– လယ်မြေများကို ရယူထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ နည်းလမ်းများကိုသတ်မှတ်ပေးခြင်း၊

– လယ်မြေငှားရမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို တိကျအောင်ဆောင်ရွက်ခြင်း၊

– မြေယာအုပ်ချုပ်မှု စနစ်နှင့် မြေခွန်များကိုသတ်မှတ်ခြင်း၊

– စိုက်ပျိုးရေးလုပ်ငန်းတွင် ငွေတိုးယူခြင်းနှင့် ဖြစ်ပေါ်လာသောမြေယာပြဿနာများကို ဖြေရှင်းသည့် နည်းလမ်းများကို သတ်မှတ်ခြင်း၊

– မြေယာပိုင်ဆိုင်ခွင့်ရှိသူ နှင့် မရှိသူတို့ကို သတ်မှတ်ခြင်း၊

# အခန်း (၆)

## တာဝန်ဝတ္တရားများ ( Responsibilities )

### ၁။ မြေယာအမျိုးအစားနှင့် စီမံအုပ်ချုပ်ရန်အတွက် တာဝန်ဝတ္တရားများ ( Responsibility and Paramenters for regulating Land Classifications of land management agencies )

**(က) လုပ်ကိုင်ခွင့်မရှိသည့်မြေများ**

ကန့်သတ်မြေများဖြစ်သည့် (၁) သစ်တောကြိုးဝိုင်း (၂) တိရစ္ဆာန်ကြိုးဝိုင်း (၃) အပန်းဖြေတောတောင်နေရာ (၄) လူမှုအဖွဲ့အစည်းသစ်တော (၅) ရေပူစမ်း/ရေအေးစမ်းနှင့် (၆) ဆေးမြစ်ဝါး ပင်ကြိုးဝိုင်းများကို စိုက်ပျိုးမြေအဖြစ် အသုံးပြု၍မရပေ။ လယ်မြေအသစ်တိုးချဲ့ခြင်း ၊ တောင်ယာခုတ်ခြင်း၊ စိုက်ပျိုးမြေအသစ်ပြုလုပ်ခြင်းများ မပြုလုပ်ရပေ။ သို့သော် ထိုနယ်မြေများကိုမသတ်မှတ်စဉ်ကတည်းက ရှိထားနှင့်ပြီးဖြစ်သော လယ်မြေများကို သစ်တောဦးစီးဌာနက အုပ်ချုပ်သည်။

**(ခ) လူမှုအဖွဲ့အစည်းမြေ** (Community Land )

လူမှုအဖွဲ့အစည်းမြေများ ဖြစ်သည့် (၁) တောင်ယာမြေ (၂) သင်္ချိုင်းမြေ၊ သုသာန်မြေ (၃) ဘာသာရေး နှင့်သာသနာရေး၏မြေ (၄) စားကျက်မြေ (၅) လူမှုအဖွဲ့အစည်းသစ် တော (၆) ဆေးပင်ဆေးမြစ်ကြိုးဝိုင်း (၇) ကျေးရွာမြေ အစရှိသည့် မြေများကိုဒေသအတွင်းရှိသည့် ဒေသခံလူ့အဖွဲ့အစည်းများကသာ တိုက်ရိုက်ထိန်းသိမ်းစောင့်ရှောက် ရသည်။ သို့ဖြစ်၍ မြေယာနှင့် သက်ဆိုင်သော (KNU) ၏ဌာနများက ကြည့်ရှုစောင့်ရှောက် အကြံညဏ်ပေးသွားရမည်။

(ဂ) ကျောက်စရစ်မြေ၊ သဲဂန္တာရ

– ထိုသို့သော မြေများကို မြေယာလုပ်ငန်းနှင့် သက်ဆိုင်သော (KNU) အဖွဲ့အစည်းများက အုပ်ချုပ်ရမည်။

(ဃ) စိုက်ပျိုးမြေ ( Agriculture Land )

– ကန့်သတ်နယ်မြေပြင်ပမှစိုက်ပျိုးမြေအားလုံးကို စိုက်ပျိုးမြေအဖြစ်အသုံးပြုနိုင်ပြီး ကော်သူးလေလယ်ယာစိုက် ပျိုးရေးဌာန၏ ထိန်းချုပ်မှုအောက်တွင်ရှိသည်။ သို့သော် နယ်မြေခံစိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူများက နယ်မြေဒေသ၏အခြေအနေအပေါ် မူတည်၍ လိုအပ်သလို စစ်ဆေးမှုများပြုလုပ်ကာ ပြည်သူများ အသုံးပြုရန် သတ်မှတ်ချမှတ်ပေးနိုင်သည်။

## ၂။ မြေပိုင်ရှင်၏တာဝန် ( Land Ownership Responsibilities )

(က) မြေပိုင်ရှင်ဆိုသည်မှာ မိမိ၏မြေအတွင်း အသီးအနှံထွက်ရှိရန် တတ်နိုင်သမျှ ကြိုးပမ်း အားထုတ်ရမည်။

(ခ) မြေပိုင်ရှင်သည် မိမိ၏မြေကို လုပ်ကိုင်နိုင်စွမ်းမရှိပါက အခြားသော လယ်သမားကို မြေငှားရမ်းပေးရမည်။

(ဂ) မြေပိုင်ရှင်နှင့် မြေငှားရမ်းသူအကြား ပဋိပက္ခမရှိရန် နှစ်ဦး နှစ်ဖက်အကြား သက်သေခံစာချုပ်ပြုလုပ်ပြီး ကော်သူးလေလယ်ယာစိုက်ပျိုးရေးဌာန ဖြစ်သည့်ကျေးနယ်၊ မြို့နယ်၊ ခရိုင် အ ဆင့်ဆင့်သို့ တင်ပြရမည်။ စာချုပ်ထဲတွင် သက်သေအဖြစ် လူကြီးနှစ်ယောက်၊ မြေအငှားချသူ နှင့် မြေငှားရမ်းသူတို့၏ အမည်ကို ရေးထိုးထားရမည်။

(ဃ) စားနပ်ရိက္ခာမလုံလောက်သည့်အချိန်တွင် မြေယာမလုပ်ကိုင်သည့် မြေရှင်ကို ကော်သူးလေလယ်ယာစိုက်ပျိုးရေး ဌာနက ပြန်လည်စီစစ်

ပြီး အခြားလယ်လုပ်သူသို့ ငှားရမ်းရန်အမိန့်ချခွင့်ရှိသည်။ မိမိ၏မြေကို မလုပ်ကိုင် မဆောင်ရွက်နိုင်သော မြေရှင်များကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။ ထိုလူများမှာ –

(၁) တိုင်းပြည်၏တာဝန်ကိုထမ်းဆောင်သည့်အတွက် မိမိ၏မြေကို မလုပ်ကိုင်အားသောသူများ၊

(၂) လယ်လုပ်ငန်းတွင် ကူညီပေးမည့် ဖခင် နှင့် လင်ယောကျ်ား မရှိသောမြေရှင်ဖြစ်သည့် အမျိုးသမီးနှင့်ကလေးများ၊

(၃) ကော်သူးလေအုပ်ချုပ်ရေး ဌာနတွင် အလုပ်လုပ်ကိုင်၍ မြေယာလုပ်ကိုင်ရန်အတွက် အချိန်မရှိသူ၊

(၄) လူမှုရေးလုပ်ငန်းတွင်အလုပ်လုပ်ကိုင်သူ၊နှင့် လူ့အဖွဲ့အစည်းတွင်အကျိုးပြုလုပ်ငန်းကိုဆောင်ရွက်သူ သည်၎င်း၏ပိုင်ဆိုင်သောမြေကိုမလုပ်ကိုင်နိုင်သူများ။

(၅) မြေယာရှိပြီး မလုပ်ကိုင်နိုင်သော ကျောင်းဆရာနှင့် ပညာတတ်များ။

(၆) မြေယာရှိသော်လည်း မြေယာလုပ်ငန်းကို မလုပ်ကိုင်ဘဲ အခြားသောစီးပွားရေးလုပ်ငန်းကိုလုပ်ကိုင်သူများ

(၇) ဘာသာရေးလုပ်ငန်းတွင် လုပ်ကိုင်ဆောင်ရွက်၍ မိမိ၏မြေယာကို မလုပ်ကိုင်နိုင်သူများ။

## ၃။ မြေပိုင်ရှင်၏အခွင့်အရေး ( Land Ownership Rights )

မျိုးချစ်မြေရှင်သည် မိမိ၏မြေကိုကောင်းမွန်လာစေရန် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။ တူးမြောင်းတည်ဆောက် ရေးလုပ်ငန်း (သို့) နှစ်တိုနှစ်ရှည်သီးနှံစိုက်ပျိုးရေးစီမံကိန်းအမျိုးမျိုးကိုချမှတ်၍ ရေရှည်တည်တံ့သည့် စိုက်ပျိုးရေးလုပ်ငန်း များကိုလုပ်ဆောင်နိုင်သည်။

## ၄။ လယ်ယာစိုက်ပျိုးရေးဌာန၏ တာဝန်နှင့် အခွင့်အရေးများ

( Karen Agriculture Department Responsibilities )

(က) လယ်ယာစိုက်ပျိုးရေးဌာနသည် တိုင်းသူပြည်သားများ၏ စိုက်ပျိုးရေးနေရာ တိုးချဲ့ရေးအတွက် စည်းကမ်း ဥပဒေများနှင့်အညီ ချမှတ်ပေးရန်တာဝန်ရှိသည်။

(၁) သစ်တောကြိုးဝိုင်း၊ တိရစ္ဆာန်ကြိုးဝိုင်း၊ အပန်းဖြေစခန်း၊ လူမှုအဖွဲ့အစည်းမြေများဖြစ်သော ဆေးပင်ဆေးမြစ်ကြိုးဝိုင်း၊ လူမှုအဖွဲ့အစည်း၏သစ်တော၊ သချိုင်းမြေနှင့် သုသာန်မြေ၊ သာသနာ့နယ်မြေ၊ ကျေးရွာမြေ၊ စားကျက်မြေနှင့် သီးသန့်ပိုင်ရှင်ရှိသည့် မြေများကို လယ်ယာစိုက်ပျိုးမြေများအဖြစ်သို့ အသစ်ဆောင်ရွက်ခြင်းမပြုရ။

(၂) အထက်ပါမြေများ၏ အနီးအနားတွင် နေထိုင်ပြီး လုပ်ကိုင်စားသောက်ရန် မြေမရှိသည့် လယ်သမားများအတွက် မြေယာလုပ်ငန်းကိုလုပ်ကိုင်နိုင်ရန် လယ်ယာစိုက်ပျိုးရေးဌာနသို့ တင်ပြရမည်။

(၃) လုပ်ငန်းခွင်မရှိသည့် လယ်သမားများအတွက် လယ်ယာစိုက်ပျိုးရေးဌာနမှ စီစဉ်ဆောင်ရွက်ပေးရမည်။

(၄) ဤသို့ဆောင်ရွက်ရာတွင်လယ်ယာစိုက်ပျိုးရေးဌာနသည် ဌာနေပြည်သူများ စိုက်ပျိုးမြေကွက်အသစ်များရရှိရန် ဦးစားပေးဆောင်ရွက်ပေးရမည်။

(ခ) လယ်ယာစိုက်ပျိုးရေးဌာနသည် စစ်ဘေးစစ်ဒဏ်ကြောင့်ထွက် ပြေးပုန်းရှောင်နေရသူများအတွက် မြေယာများ ပြန်လည်နေရာချထားပေးရာတွင်တာဝန်ရှိသည်။

(၁) လယ်ယာစိုက်ပျိုးရေးဌာနက ကျန်ရစ်ခဲ့သော ဌာနေပြည်သူ

များ၏ လယ်မြေများကို ကိုယ်ပိုင်ပြန်လည်ရယူနိုင်ရန်ဦးစွာ အခွင့်အရေး ပေးဆောင်ရွက်ရမည်။

(၂) လယ်ယာစိုက်ပျိုးရေးဌာနက မြေယာမရှိသည့် ဌာနေပြည်သူ လူထုများ လယ်မြေရရှိရေးအတွက် အခွင့်အရေးကို ဦးစွာ ဆောင်ရွက်ပေးရမည်။

(၃) လုံလောက်သောမြေယာမရှိသည့် ဌာနေလယ်ယာလုပ်သား များအတွက် နိုင်ငံခြားသို့ရောက်ရှိနေသောမြေရှင်များ၏ မြေယာ များကို ပဌမဦးစွာလုပ်ကိုင်နိုင်သည့် အခွင့်အရေးကို ပေးရမည်။ မြေပိုင်ရှင် ဖြစ်စေ၊သားသမီးတစ်ဦးတစ်ယောက် ကဖြစ်စေ ပြန်လည်ရောက်ရှိ၍ ၎င်းမြေယာကို လုပ်ကိုင်လို သည့်အခါ လုပ်ကိုင်ခွင့်ကိုပေးရမည်။ သို့သော်ထိုလူနှစ်ဦး နှစ်ဖက်ကျေနပ်မှုရှိစေရန် လယ်ယာစိုက်ပျိုးရေးဌာနက စီစဉ် ဆောင်ရွက်ပေးရမည်။

(၄) ပြည်ပသို့ရောက်ရှိနေသောမြေရှင်၏မြေကို အနောက်မှလုပ် ကိုင်ပေးနေသည့်လူအတွက် လယ်ယာစိုက်ပျိုးရေးဌာနက စီစဉ်ဆောင်ရွက်ပေးရမည်။

(ဂ) **(KNU)** လယ်ယာစိုက်ပျိုးရေးဌာနက လူမှုအဖွဲ့အစည်းများ၏မြေ အားလုံးကို ခွဲဝေပေးမည်မဟုတ်ပါ။ ဌာနဆိုင်ရာတာဝန်ရှိသူများက ကျန်ရစ်နေသည့် လူမှုအဖွဲ့အစည်းများ၏မြေသည် လုပ်ကိုင်စား သောက်ရန်အတွက် လုံလောက်သည့် မြေယာရှိရန် ကြည့်ရှုပေး ရမည်။

(ဃ) လယ်ယာစိုက်ပျိုးရေးဌာနမှတာဝန်ရှိသူများသည် မြေယာ (ဂရံ) ထုတ်ပေးရသည့်တာဝန်နှင့် နယ်မြေအခြေအနေအရ သင့်တော် သည့်မြေအကျယ်အဝန်းကိုပေးရန် အခွင့်အာဏာရှိသည်။

# အခန်း (၇)

## လူမှုအဖွဲ့အစည်းမြေများအသုံးပြုရန် စည်းမျဉ်းစည်းကမ်းများ
(Regulations Applicable to Community Lands)

### (က) လူမှုအဖွဲ့အစည်း၏မြေ

(၁) လူမှုအဖွဲ့အစည်း၏မြေသည် ထိုနယ်မြေအတွင်းရှိ လူတိုင်းနှင့် သက်ဆိုင်သည်။

(၂) လူမှုအဖွဲ့အစည်း၏မြေဖြစ်သည့် တောင်ယာမြေမျိုးကို လူတိုင်း အသုံးပြုနိုင်သည့်အခွင့်အရေးရှိသည်။ သို့သော် မည်သူမဆို အသုံးပြုမည့်မြေကို ဒေသခံလူကြီးများနှင့် တိုင်ပင်ဆွေးနွေး ရမည်။

(၃) တောင်ယာမြေကဲ့သို့သော လူမှုအဖွဲ့အစည်းမြေကိုလုံးဝ ရောင်းဝယ်မှုမပြုလုပ်ရပေ။ ဤစည်းမျဉ်းစည်းကမ်းကို မကျင့် သုံးမှီက ရောင်းဝယ်ခြင်းရှိခဲ့ပါက ဝယ်သူ၏အသက်ရှင်စဉ် ကာလအတွင်းသာ အသုံးပြုပိုင်ခွင့်ရှိသည်။ သားသမီးများ၏ လက်ထက်တွင် ဤမြေသည် လူမှုအဖွဲ့အစည်း၏မြေဖြစ်ပြီး မည်သူမဆိုသုံးစွဲခွင့်ရှိသည်။

(၄) ရွာသူရွာသားများအားလုံး စားကျက်မြေအတွင်း တန်းတူ ရည်တူ တိရစ္ဆာန်များကို အစာကျွေးနိုင်သည်။

(၅) စားဝတ်နေရေးမလုံလောက်သည့်လယ်သမားများကိုလူမှု အဖွဲ့အစည်း၏မြေယာအတွင်း လုပ်ကိုင်ခွင့်နှင့် ရရှိခံစားခွင့်ရှိ သည်။ သင့်လျော်သော အခွန်ငွေကို ပေးဆောင်ရမည်။

(၆) ရွာသူရွာသားများက နေထိုင်ရန်ကျေးရွာမြေ၊ သင်္ချိုင်းမြေ၊ သာ

သနာခမြေများကိုတိုးချဲ့ရန်စီစဉ်သည့်အခါ မြေပိုင်ရှင် တစ်ဦး၏ မြေယာအတွင်းဖြစ်ပါက ထိုပိုင်ရှင်နှင့် သင့်တော်သောမြေ တန်ဖိုး (သို့) အစားထိုးပေးမည့်မြေ (သို့) ပစ္စည်းများပေး ဆောင်ရန်အတွက် ညှိနှိုင်းတိုင်ပင်ရမည်။

(၇) ကရင်အဖွဲ့အစည်းတစ်ခုခုက ၎င်းတို့၏အဖွဲ့အစည်းနှင့်ပတ် သက်သော နယ်မြေတိုးချဲ့ရန်စီစဉ်သည့်အခါ လူမှုအဖွဲ့အ စည်း (သို့) အဖွဲ့အစည်းတစ်ခုခုပိုင်မြေအတွင်းဖြစ်ပါက ထိုက် သင့်သောအခကြေးငွေ (လျော်ကြေး) ရရှိရန် ထိုမြေပိုင်ရှင်နှင့် ပြောဆိုညှိနှိုင်းရမည်။

(၈) အခန်း (၇) အချက် (၅) နှင့် (၆) ကဲ့သို့နယ်မြေတိုးချဲ့ရာတွင် မြေပိုင်ရှင်က ပေးဆောင်သောမြေတန်ဖိုးကို လက်ခံ ခြင်းမရှိပါ က နယ်မြေခံတာဝန်ရှိသူသည် မြေပိုင်ရှင်၏ မြေအကျယ် အဝန်းနှင့်ထိုက်သင့်သော အစားထိုးတစ်ခုခုရရှိရန် စီစဉ် ဆောင်ရွက်ပေးရမည်။

# အခန်း (၈)

## မြေယာပိုင်ဆိုင်မှု (ဂရံ) ( Land Grants )

(၁) မျိုးချစ်မြေရှင်နှင့် ဌာနေလူထုများသည် လယ်ယာမြေများကို ပိုင်ဆိုင် ခွင့်ရှိသည်။

(၂) လယ်သမားတစ်ဦးက လူမှုအဖွဲ့အစည်း၏မြေဖြစ်သည့်တောင်ယာ မြေတစ်ကွက်ကို သုံးနှစ်အတွင်း အောင်မြင်ဖြစ်ထွန်းစွာ လုပ်

ဆောင်နိုင်ပါက ထိုသူသည် လယ်ယာစိုက်ပျိုးရေးဌာနသို့ မြေယာပိုင်ဆိုင်ခွင့် (ဂရံ) ရရှိရန် လျှောက်ထားနိုင်သည်။

(က) လူမှုအဖွဲ့အစည်းအတွင်းရှိ ဆင်းရဲသည့် လယ်သမားများ၊ လယ်ယာမြေမရှိသူများအတွက် ဦးစားပေးစဉ်း စားပေးရမည်။

(ခ) လူမှုအဖွဲ့အစည်းပြင်ပမှ လုပ်ငန်းခွင်မရှိသည့်ဆင်းရဲသော လယ်သမားများအတွက် ပြန်လည်စဉ်း စားပေးရမည်။

(၃) ကန့်ကွက်မြေများကို မြေယာပိုင်ဆိုင်ခွင့် (ဂရံ) ထုတ်ပေး၍မရပေ။

(၄) လုပ်ကိုင်မှုမရှိသည့် အစိုးရမြေများကို ဆင်းရဲသည့်တောင်ယာလုပ်သားများ (သို့) မြေယာမရှိ၍ မြေယာလိုအပ်နေသူများအား လုပ်ကိုင်စားသောက်ခွင့်ပေးရမည်။

(က) လွတ်နေသည့် လယ်မြေများကို ဆင်းရဲသားလယ်သမားများ (သို့) လူမှုအဖွဲ့အစည်းအတွင်း လယ်မြေ မရှိသောဆင်းရဲသည့်လူများအတွက် ဦးစွာစဉ်းစားပေးရမည်။

(ခ) ဒုတိယဦးစားပေးရမည့်သူများမှာ ကျေးရွာအနီးအနားတွင်ရှိသောဆင်းရဲသည့် လယ်သမား (သို့) လူမှုအဖွဲ့အစည်းအတွင်း မြေယာမရှိသည့်သူများဖြစ်သည်။

# အခန်း ( ၉ )

## မြေအမျိုးအစားနှင့်ပိုင်ဆိုင်ခွင့် ( Land Title )

၁။ ကွဲပြားခြားနားသောစိုက်ပျိုးမြေအမျိုးအစားများအပေါ်စည်းမျဉ်း စည်းကမ်းများ ခွဲခြားသတ်မှတ်ခြင်း ( Regulations for specific - land classification )

(က) လယ်သမားတစ်ဦးလျှင် (လယ်၊ ဥယျာဉ်၊ ခြံ ) များကို ဧက (၂၀) ထက်ပို၍ ပိုင်ဆိုင်ခွင့်မရှိပေ။ သို့သော်အချို့ သောနယ်မြေများတွင် လယ်ယာစိုက်ပျိုးရေးဌာနက နယ်မြေ ဒေသအပေါ်မူတည်၍ ပြန်လည်ပြင်ဆင်သတ်မှတ်နိုင်သည်။

(ခ) ပထမအဆင့်တွင် စိုက်ပျိုးမြေ (နုံးမြေ) ကို (၅) ဧက အထိ ပေးခွင့်ရှိသည်။

၂။ ဤသို့ပထမအဆင့် စိုက်ပျိုးမြေ (နုံးမြေ)မျိုးကို (၅) ဧက အထက်ရှိပါက မြို့နယ်၊ ခရိုင်မှတာဝန်ရှိသူများက နယ်မြေဒေသအခြေအနေပေါ် မူတည်၍ ထပ်မံခွဲဝေပေးနိုင်သည်။ ဥပမာ– လယ်သမားတစ်ဦး၌ ရှိထားပြီးသားမြေတွင် အထွက်နှုန်းမလုံလောက်၍ မြေသြဇာမကောင်းပါက (၅) ဧက ထပ်မံပေးနိုင်သည်။ မြေပိုင်သူသည် မြေသြဇာအလွန်ကောင်းသည့် မြေဖြစ်ပါက တာဝန်ရှိသူက (၂) ဧကသာထပ်မံပေးနိုင်ပါသည်။ လယ်မြေတစ်ကွက်တွင် မြေသြဇာကောင်းမကောင်းကို လယ်ယာစိုက်ပျိုးရေးဌာနက အောက်ပါအတိုင်းဆုံးဖြတ်နိုင်သည်။

- ပထမမြေ – မြေတစ်ဧကတွင် စပါးတင်း (၇၅) မှ (၁၀၀) ထိ
- ဒုတိယမြေ – မြေတစ်ဧကတွင် စပါးတင်း (၅၀) မှ (၇၅) ထိ
- တတိယမြေ – မြေတစ်ဧကတွင် စပါးတင်း (၅၀) အောက် ထွက်ရှိခြင်း ဖြစ်သည်။

(က) မြေယာ (ဂရံ) ကို လူမှုအဖွဲ့အစည်း၏မြေမဟုတ်သည့် စိုက်ပျိုးလုပ်ကိုင်ခဲ့သော မြေမျိုးကိုသာ ပေးခွင့်ရှိသည်။

(ခ) သုံးနှစ်အထက် အသီးအနှံ၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုး၍ မြေကိုပြုပြင်ထိန်းသိမ်းနိုင်သည့် ဌာနေလူထုတစ်ဦးကို မြေပိုင်ဆိုင်ခွင့် (ဂရံ) ကို ပေးအပ်ရမည်။

၃။ မြေဂရံကို လယ်ယာစိုက်ပျိုးရေးဌာနတာဝန်ရှိသူက ရေးသားပြီး မြေပိုင်ဆိုင်ခွင့်ရှိသူတစ်ဦးထံ ပေးအပ်ရမည်။ ဤဂရံစာအုပ်၏အပြင်ဘက်တွင် မြေပိုင်ရှင်များလိုက်နာရမည့် စည်းကမ်းချက်များ ရေးသားထားရမည်။

၄။ နယ်မြေတာဝန်ခံများနှင့် လယ်ယာစိုက်ပျိုးရေးဌာနတာဝန်ခံများသည် မြေပိုင်ဆိုင်ခွင့်ရှိသူနှင့် မြေကိုအခမ့်လုယူခြင်းမှ ကာကွယ်နိုင်ရန် မြေယာဆိုင်ရာ ဥပဒေစည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်။

၅။ မြေအသေဆိုသည်မှာ ရေလွှမ်းမိုးမှု မရှိခြင်းနှင့် တစ်ခါတစ်ရံ ရေလွှမ်းမိုးမှုရှိသော်လည်း မပျက်စီးနိုင်သော လယ်ယာ၊ ကိုင်း၊ ဥယျာဉ်ခြံမြေအစရှိသည့်မြေများဖြစ်၍ ၎င်းမြေများကို မြေယာပိုင်ဆိုင်မှု (ဂရံ) ပေးနိုင်သည်။

၆။ **(KNU )** မြေယာပိုင်ဆိုင်ခွင့် စာရွက်စာတမ်းတွင် အောက်ပါအချက်အလက်များပါဝင်ရမည်။

(က) ကရင်ပြည်နယ်အတွင်းရှိ မြေယာပိုင်ဆိုင်ခွင့်ရှိထားသောသူတဦးချင်းစီ၊ လူမှု အဖွဲ့အစည်း၊ ကုမဏီနှင့် အဖွဲ့အစည်းများ မြေပိုင်သူ၏ အမည်၊ မိဘအမည်၊ သက်သေနှစ်ယောက်နှင့် နေရပ်လိပ်စာ အပြည့်အစုံ စသည်ဖြင့် ဤစာချုပ်ထဲတွင် ပါရှိရမည်။

(ခ) မြေယာဂရံထဲတွင် စိုက်ပျိုးမြေအမျိုးအစား၊ ဦးပိုင်နံပါတ်၊ ကွင်းအမှတ်၊ မြေအတန်းစား၊ မြေအကျယ်အဝန်း၊ မြေတည်နေရာအပြည့်အစုံနှင့် မြေယာ၏သမိုင်းအကျဉ်း စသည်ဖြင့် ဤစာချုပ်ထဲတွင် ပါရှိရမည်။

(ဂ) အရောင်းအဝယ်၊ အမွေအပ်နှံခြင်း၊ လုပ်ငန်းနှင့်သက်ဆိုင်သည့်ရက်စွဲနှင့် ထူးခြားသည့် အခြားသောအမှတ်အသားများရှိပါက ဤစာချုပ်ထဲတွင်ပါရှိရမည်။

(ဃ) မြေယာပိုင်ဆိုင်ခွင့်ဂရံစာချုပ်ကို ပြုလုပ်ပေးသူ၏အမည်၊ ရာထူးနှင့်တာဝန်၊ တာဝန်ကျရာနေရာ စသည့်အချက်အလက်များလည်း ဤစာချုပ်ထဲတွင် ပါရှိရမည်။

(င) စာချုပ်၏နောက်ကျောစာမျက်နှာတွင် မြေပိုင်သူများလိုက်နာရမည့်စည်းကမ်းချက်များကို ကရင်ဘာသာနှင့် မြန်မာဘာသာဖြင့် ရေးသားထားရမည်။

(စ) မြေယာပိုင်ဆိုင်သူ၏ ကိုယ်ပိုင်မှတ်တမ်းများသည်လည်း ဤစာချုပ်ထဲတွင် ပါရှိရမည်။

(ဆ) ဖြစ်နိုင်လျှင်ဤမြေဂရံစာချုပ်သည် မြေအကျယ်အဝန်းသတ်မှတ်ထားသည့် မြေပုံကြမ်းနှင့်အတူ တွဲဖက်ပါရှိရမည်။

(ဇ) မြေယာပိုင်ဆိုင်ခွင့်ဂရံကို ခရိုင်လယ်ယာစိုက်ပျိုးရေးဌာနအဆင့်သာ လုပ်ပေးပိုင်ခွင့်ရှိသည်။မြို့နယ်လယ်ယာ စိုက်ပျိုးရေးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဤစာချုပ်ကိုစစ်ဆေးမေးမြန်းပြီး လိုအပ်သောဖြည့်စွက်ချက်များကို ဖြည့်

စွက်ပြီးလျှင် ရယူပိုင်ခွင့် ရှိသူ၏လက်ထဲသို့ ပေးအပ်ပိုင်ခွင့်ရှိသည်။ တာဝန်ရှိသူများက ဤမြေယာ (ဂရံ) ကို ပေးသင့် မပေးသင့် သေချာစွာစစ်ဆေးရမည်။

၇။ လူမှုအဖွဲ့အစည်း၏ပိုင်ဆိုင်သော မြေယာ (ဂရံ) ကို ထုံးတမ်းစဉ်လာအရ လူမှုအဖွဲ့အစည်းခေါင်းဆောင်များထံသို့ ပေးအပ်ရမည်။

၈။ လူထုအတွက် အကျိုးရှိသော မြေများဖြစ်သည့် သာသနာမြေ၊ လယ်ယာ၊ တောင်ယာစိုက်ပျိုးမြေ၊ စားကျက်မြေ၊ စာသင်ကျောင်းမြေ၊ ဆေးရုံမြေ၊ သင်္ချိုင်းမြေနှင့် လူမှုအဖွဲ့အစည်းမြေများကို မြေယာ (ဂရံ) များပေးအပ်ရမည်။

၉။ မြေအရှင် – မြစ်ကမ်းနားဘေးမှ (ကိုင်း) မြေများသည် မိုးရာသီကုန်ဆုံးသည့်အချိန်တွင်သာ အသုံးပြုနိုင်သည်။ ဤမြေမျိုးသည် လုပ်ကိုင်ခွင့်သာရှိပြီး ပိုင်ဆိုင်ခွင့်မြေယာ (ဂရံ) ပေး၍မရပေ။ ထိုမြေများသည်မြစ်ကမ်းတစ်ဖက်တစ်ချက်စီတွင် တစ်နှစ်တစ်နေရာ ပြောင်းရွှေ့နိုင်သည့်မြေမျိုးဖြစ်သည်။

(က) မြေအရှင်တစ်ကွက်သည် ရေတိုက်စားဖျက်စီးမှုမဖြစ်မီ လယ်သမားများလုပ်ကိုင်စားသောက်နိုင်ခွင့်ရှိသော်လည်း ပိုင်ဆိုင်ခွင့်မရှိပေ။ ထိုကဲ့သို့မြေမျိုးသည် ရေတိုက်စားပါက ဆုံးရှုံးပျောက်ကွယ်သွားတတ်သည်။

(ခ) ခိုင်မြဲသောမြေ မဟုတ်ဘဲ အသစ်ဖြစ်ပေါ်လာသည့် မြေအရှင်များကို လုပ်ကိုင်ခွင့်ရှိသော်လည်း ပိုင်ဆိုင်ခွင့်မြေ (ဂရံ) မရရှိနိုင်ပါ။

(ဂ) လယ်သမားလုပ်ကိုင်ခဲ့သည့် မြေအရှင်တစ်ကွက်ကို ရေတိုက်စားမှုကြောင့် တစ်ချို့တစ်ဝက်ပျက်စီး၍ နောင်နှစ်များ၌ ယခင်

ကမြေထက် ပို၍တစ်ဆက်တည်း ကျယ်ပြန့်လာသည့်မြေ
ကွက်ဖြစ်ပေါ်လာပါက မြေဟောင်းပိုင်ရှင်သည် ပြိုကျသွား
သော မြေ၏ပမာဏလောက်ကိုသာ ပြန်လည်တောင်းယူပိုင်
ခွင့်ရှိသည်။ ကျန်ရှိနေသည့် မြေများသည် လူမှုအဖွဲ့အစည်း
များနှင့်သာသက်ဆိုင်သည်။ နယ်မြေခေါင်းဆောင်များက ကိုင်း
မြေမရှိသေးသည့် ကျေးရွာအတွင်းရှိပြည်သူများကို ခွဲဝေပေး
နိုင်သည်။

(ဃ) လယ်သမားတစ်ဦးလုပ်ကိုင်ခဲ့သည့် ကိုင်းမြေနှင့်တဆက်တည်း
ဖြစ်ပေါ်လာသည့်မြေအရှင်သည် ကျယ်ပြန့်မှုမရှိ၍ အခြားလူ
တစ်ဦးအတွက်မလုံလောက်ပါက ထိုလယ်သမားကလုပ်ကိုင်
ခွင့်ရှိသည်။

၁၀။ ကရင်လူမျိုး မဟုတ်သူများနှင့်အတူ ဖက်စပ်လုပ်ငန်းများ လုပ်ကိုင်
ရာတွင် စာချုပ်တွင်ပါရှိသည့် လုပ်ပိုင်ခွင့်နှင့် သတ်မှတ်သည့်အချိန်
အတွင်းသာ လုပ်ကိုင်နိုင်သည်။

၁၁။ (KNU) က ရှယ်ယာဖက်စပ်လုပ်ငန်းများတွင် ကုန်ကျစရိတ်နှင့်လုပ်
ငန်းများအတွက် မည်မျှအကျိုးရှိသည်ကို ပြန်လည်သုံးသပ်၍ ရေ
ရှည်တည်တံ့ဖွံ့ဖြိုးမည့် စီမံကိန်းများဖြစ်ရန် စီစဉ်ဆောင်ရွက်ရမည်။

# အခန်း (၁၀)

## မြေပိုင်ရှင်နှင့် အခွင့်အရေးလွှဲပြောင်းပေးခြင်း

( Land ownership and transfer rights )

၁။ မြေလွှဲပြောင်းရာတွင် အောက်ပါအခြေအနေများနှင့် ပြည့်စုံပါက လက်ခံဆောင်ရွက်ပေးနိုင်သည်။

(က) မြေအသေဖြစ်ရမည်။

(ခ) လူမှုအဖွဲ့အစည်း၏ မြေယာမဖြစ်စေရ။

(ဂ) မြေယာပိုင်ခွင့်ရှိသူ မြေရှင်သစ်ကို မြေယာဆိုင်ရာအသုံးပြုရမည့် ဥပဒေကို လယ်ယာစိုက်ပျိုးရေးဌာနက ရှင်းပြပြောဆိုရမည်။

(ဃ) လွှဲပြောင်းပေးခြင်းအတွက် ကုန်ကျစရိတ်ကို ပေးဆောင်ရမည်။

၂။ ကျေးနယ်၊ မြို့နယ်နှင့် ခရိုင်အဆင့် (KNU) လယ်ယာစိုက်ပျိုးရေးဌာနတာဝန်ရှိသူများက အရောင်းအဝယ်စာချုပ်ပေးအပ်ခြင်း၊ မြေယာမှတ်တမ်းစာအုပ်ထဲတွင် မြေယာအရောင်းအဝယ်အကြောင်းအရာများကို မှတ်သားထား ခြင်းနှင့် မြေယာဆိုင်ရာအခွန် သတ်မှတ်နှုန်းထားများကိုလည်း ဆုံးဖြတ်သတ်မှတ်ပေးရမည့်တာဝန်ရှိသည်။

၃။ မြေယာလွှဲပြောင်းခြင်း၊ အမွေပေးခြင်း၊ များကို အောက်ပါအကြောင်းအချက်များအပါအဝင် ထည့်သွင်းရေးသား ထားရမည်။

(က) မြေယာလွှဲပြောင်းခြင်း၊ အမွေပေးခြင်း၊ ရောင်းရငွေ (သို့) အခြားရောင်းရခြင်း၊ လွှဲပြောင်းပေးခြင်းနှင့် အမွေပေးသည့် ရက်စွဲများ

(ခ) မြေပုံနှင့် တကွရေးမှတ်ထားသော မြေယာ (ဂရံ) ကို လွှဲပြောင်းပေးရမည်။

(ဂ) မြေပိုင်ရှင်ဟောင်း၊ မြေပိုင်ရှင်သစ်နှင့် စီစဉ်ဆောင်ရွက်သူ၏ အမည်လက်မှတ် (သို့) လက်ဗွေရာပုံစံများပါရရှိမည်။ (ကြားဝင်ဆောင်ရွက်ပေးသူကို ဤမြေယာလွှဲပြောင်းခြင်းစာချုပ်တွင် မည်သည့်အခွင့်အရေးကိုမျှ ပေးထားခြင်းမရှိပါ)

၄။ မြေပိုင်သူသည် မိမိ၏မြေကိုရောင်းလိုပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(က) ပထမဦးစွာ ကျေးရွာတွင် နေတိုင်သောဝင်း၏ဆွေမျိုးသားခြင်းများသို့ရောင်းရမည်။

(ခ) ဒုတိယအဆင့်မှာ ကျေးရွာတွင်ရှိသောအခြားသူများသို့ ရောင်းရမည်။

(ဂ) တတိယအဆင့်မှာ လယ်မြေလုပ်ကိုင်သူ တစ်ဦးအား ထိုမြေကို ဝယ်ယူနိုင်သည့် အခွင့်အရေးပေးရမည်။ ကျသင့်ငွေအားလုံးကိုမပေးနိုင်သော်လည်း လယ်ယာစိုက်ပျိုးရေးဌာန၏ ခွင့်ပြုချက်အရ အနည်းဆုံး ၅၀% ကြိုတင်ပေးသွင်းရမည်။

(ဃ) နောက်ဆုံးအဆင့်တွင် ၎င်းမြေကို ရောင်းနိုင်ရန် လယ်ယာစိုက်ပျိုးရေးဌာန၏ ခွင့်ပြုချက်အရ အခြားရွာမှ လူများထံသို့ ရောင်းချနိုင်သည်။

၅။ ပိုင်ဆိုင်ခွင့်တစ်ခါမျှ မရှိသေးသည့်မြေတစ်ကွက်၏စာချုပ်ကို တစ်ဦးဦးကရရှိသည့်အခါ စာချုပ်ထဲတွင် အမည်နှင့် လက်မှတ်ရေးထိုးခြင်း (သို့မဟုတ်) သက်သေခံ၏လက်ဗွေပါရှိရမည်။

၆။ ကျယ်ပြန့်သည့်မြေကွက်အား ပိုင်ဆိုင်သည့်ဌာနေလူတစ်ဦးသည် ထိုမြေနှင့်ဆက်လျက်တည်ရှိနေသည့်မြေကို တိုးယူ၍မရပေ။ သို့သော် ဆက်စပ်လျက် တည်ရှိနေသောမြေသည် အခြားလူတစ်ဦး လုပ်ကိုင်ရန်အတွက် မလုံလောက်ပါက ထိုသူအားလုပ်ကိုင်ခွင့်ပေးနိုင်သည်။

၇။ မြေယာပိုင်ဆိုင်ခွင့်ရှိသည့် ဌာနေပြည်သူများသည် မိမိ၏မြေကို ရောင်းချခြင်း၊ အခြားသူနှင့်လဲလှယ်ခြင်း၊ အမွေပေးအပ်ခြင်း (သို့မဟုတ်) အငှားချထားခြင်းများကို ပြုလုပ်နိုင်သည်။ သို့သော် ၎င်း၏မြေကို အပြောင်းအလဲတခုခုမပြုလုပ်မီ သက်ဆိုင်ရာ ကျေးနယ်၊ မြို့နယ်၊ ခရိုင်တာဝန်ရှိသူများထံသို့တင်ပြ၍ ၎င်းတို့ကအကြောင်းအရာကိုသေချာစွာ လေ့လာသိရှိပြီး ခွင့်ပြုသင့်မှ ခွင့်ပြုမည်ဖြစ်သည်။ မြေယာပြသနာများကို ကြိုတင်ကာကွယ် သည့် အနေဖြင့် သက်ဆိုင်ရာ လယ်ယာဌာနတာဝန်ခံများမှ ခွင့်ပြုချက်မရလျှင် မြေရှင်အနေနှင့် လုံးဝမပြုလုပ်သင့်ပေ။

၈။ လယ်ယာစိုက်ပျိုးရေးဌာနက မြေ၏တန်ရာတန်ကြေးကို သတ်မှတ်ထားရမည်။ ဈေးနှုန်း (တန်ရာတန်ကြေး) သည်အောက်ပါအချက်များအပေါ်တွင် မူတည်သည်။

(က) ဆန်စပါးဈေးနှင့် အခြားကုန်ထွက်ပစ္စည်းများ
(ခ ) မြေအတန်းစားနှင့် စပါးထွက်နှုန်းပေါ်မူတည်ခြင်း
(ဂ) သီးနှံထွက်သောဈေးနှုန်းမတည်ငြိမ်ပါက (KNU) လယ်ယာစိုက်ပျိုးရေးဌာနက မြေ၏တန်ဘိုးကို သတ်မှတ်ပေးရမည်။

၉။ ဤဥပဒေကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက နောက်ဆုံးတွင် (KNU) လယ်ယာစိုက်ပျိုးရေဌာနက ထိုမြေကို ရုပ်သိမ်းပါမည်။

၁၀။ ပြင်ပလူတစ်ဦးတွင်မြေယာပိုင်ဆိုင်ခြင်း၊ ရောင်းချခြင်း၊ အမွေအပ်နှင်းခြင်းနှင့် အငှားချခြင်းများကို လုပ်ပိုင်ခွင့်မရှိပါ။

၁၁။ မြေအငှားချပြီး ဥပဒေနှင့်မလျော်ညီသည့် အစွန်းအမြတ်ကို ရယူသည့်မြေပိုင်သူတစ်ဦးသည် မြေရောင်းခြင်းဖြစ်စေ၊ အမွေအပ်နှံခြင်းဖြစ်စေ၊ မြေအငှားချခြင်းဖြစ်စေ အခွင့်အရေးမရှိပေ။

၁၂။ (၁၉၈၈) ခုနှစ်နောက်ပိုင်းမှ ရွှေ့ပြောင်းနေထိုင်သောလူသစ်များသည် မြေယာပိုင်ဆိုင်ရေးအတွက်မြေဝယ်ခွင့်မပြုပါ။ သို့သော် ရွှေ့ပြောင်းလာသူတစ်ဦးသည် မိမိအမျိုးသားကိုချစ်သူ (သို့မဟုတ်) အမျိုးသားတော်လှန်ရေးတွင် တာဝန် ထမ်းဆောင်သူ၏ ဆွေမျိုးသားခြင်းဖြစ်ပါက လယ်ယာစိုက်ပျိုးရေးဌာနက မြေယာပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းပြီး သင့်တော်သူဖြစ်ပါက မြေပိုင်ဆိုင်ခွင့်ကိုပေးမည်။

# အခန်း (၁၁)

## လယ်မြေသိမ်းယူခြင်းနှင့် အခြားသူများအား အငှါးချထားခြင်း ( Confiscation of Land and Leases )

### ၁။ အစိုးရက သိမ်းယူနိုင်သည့်မြေနှင့် ပြန်လည်ပေးဝေနိုင် သည့်မြေများ

(က) မြေယာကိုချန်ထားသည်ဖြစ်စေ၊ မလုပ်ကိုင်သည့်မြေဖြစ်စေ ၊မြေရှင်က မြေယာထိန်းသိမ်းရေးအတွက် မြေခွန် (သို့) မြက်ခွန်ကို ပေးဆောင်ရမည်။

(၁) မြေခွန်ကို (၅) နှစ်တိုင်အောင် မပေးဆောင်လျှင် လယ်ယာစိုက်ပျိုးရေးဌာနက ထိုမြေကို ယာယီထိန်းသိမ်းထားမည်။ မြေယာထိန်းသိမ်းခြင်းခံရသည့် မြေရှင်တစ်ဦးသည် မြေယာလုပ်ကိုင်စားသောက် လိုသည့်တစ်နေ့တွင် လယ်ယာစိုက်ပျိုးရေးဌာနက သေချာစွာစစ်ဆေးပြီး အမှန်တကယ်သင့်မြတ်သည်ဟုတွေ့ရှိပါက ပြန်လည်ပေးအပ်ရမည်။

(ခ) စိုက်ပျိုးရေးလုပ်ငန်းအတွက် အသုံးမပြုသည့်မြေကို မြေရှင်က အဘယ့်ကြောင့် ထိုမြေကိုအသုံးပြု၍မရကြောင်းကို သက်သေခံနိုင်ရန် ကျေးရွာလူကြီးသက်သေသုံးဦးရှိရမည်။ သို့သော် ထိုမြေရှင်သည် မြေခွန် (မြက်ခွန်) ကိုပေးဆောင်ရမည်။

(၁) ထိုမြေရှင်သည် သုံးနှစ်အတွင်း လယ်မြေမှဖြစ်ထွန်းမှု တစ်စုံတခုမျှမတွေ့ရှိပါက လယ်ယာစိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူများက ထိုမြေကို သိမ်းယူသင့်သည်ဟု တွေ့ရှိပါက သိမ်းယူမည်ဖြစ်သည်။

(ဂ) သိမ်းယူထားသည့်မြေများကို အလုပ်ကြိုးပမ်းသူနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ကျွမ်းကျင်သူများအား ငှားရမ်းပေးပြီး (KNU) ထိုသူမှ လယ်ယာစိုက်ပျိုးရေးဌာနသို့အခွန်ပေးဆောင်ရမည်။

(ဃ) တောတောင်နယ်မြေအတွင်း ဥပဒေနှင့် မညီညွတ်သောတောင်ယာခုတ်မှုများကြောင့် နောက်ဆက်တွဲ ကောင်းကျိုးများမဖြစ်ပေါ်ဘဲ တောင်ယာခုတ်သူက သူပိုင်မြေဟုဆိုပြီး တစ်ပါးသူအားလုပ်ကိုင်ခွင့်မပေးသည့်မြေမျိုးကို လယ်ယာစိုက်ပျိုးရေးဌာနမှ လျော်ကြေးမပေးဘဲ သိမ်းယူနိုင်သည်။

(င) ပြည်တွင်းဒုက္ခသည်နှင့် ပြည်ပတွင်ခိုလှုံနေထိုင်သောဒုက္ခသည်များ

၏မြေများသည် ၎င်းတို့မြေကိုလုပ်ကိုင်သည့် အချိန်တွင်လုံခြုံမှုမရှိသောကြောင့် ချန်ရစ်ထားခဲ့သည့်မြေများကို ၎င်းတို့၏ ပိုင်မြေဖြစ်ကြောင်း သက်သေအထောက်အထားနှင့်တကွ တင်ပြနိုင်လျှင် ထိုမြေများကို ပြန်လည်ပေးအပ်ရမည်။ (KNU) က ၎င်းမြေများကို မြေရှင်မရှိစဉ်ကာလတွင် အငှားချနိုင်သည့် အာဏာရှိသည်။

## ၂။ မြေအငှားချထားခြင်း ( Leases )

(က) ပြင်ပလူသည် နှစ် (၂၀) အထိသာ မြေငှားယူနိုင်သည်။ ထိုပြင်ပလူသည် သေဆုံးသွားပါက ထိုမြေကို မြေရှင်ထံ ပြန်လည်ပေးအပ်ရမည်။ မြေငှားယူခြင်းသက်တမ်းကို နှစ်ကြိမ်တိုးယူနိုင်သည်။ ပထမအကြိမ်တွင် (၁၀) နှစ် နှင့် ဒုတိယ အကြိမ်တွင် (၅) နှစ်အထိ တိုးပေးနိုင်သည်။ အငှားချထားခြင်းကို စာချုပ်နှင့်တကွပြုလုပ်ရမည်။

(ခ) နယ်မြေတာဝန်ခံများက မြေအငှားချထားခြင်း၏ နှုန်းထားကို သင့်တော်သလို ချမှတ်နိုင်သည်။

(ဂ) မြေပိုင်ဆိုင်ခွင့်ရှိသူများသည် ၎င်းတို့၏မြေကိုအငှားချထားနိုင်သည်။

(ဃ) စပါးဖြင့် အငှားချထားသည့်မြေများကို မြို့နယ်၊ ခရိုင်မှ တာဝန်ရှိသူများက တန်ဖိုးသတ်မှတ်ပေးရမည်။ မြေအငှား ချထားသည့်နှုန်းထားကို သက်ဆိုင်ရာလယ်စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူများက သတ်မှတ်ပေးရမည်။

(င) အစိုးရမြေများကို နှစ်(၂၀) အထိ အငှားချထားနိုင်သည်။

(စ) မြေယာ(ဂရံ)ကဲ့သို့ အထောက်အထားစာရွက်စာတမ်း မရှိသည့် မြေများကို အငှားချ၍မရပေ။

# အခန်း (၁၂)

## မြေယာကြွေးမြီနှင့် ငွေတိုးနှုန်း၊ အခွန်နှင့် အခြားငွေများ

**၁။ မြေယာကြွေးမြီ** ( Land Debt )

(၁၉၄၉)ခုနှစ် ကရင့်တော်လှန်ရေးမစတင်မီကတည်းက ဖြစ်ပေါ်ခဲ့သောမြေယာပြဿနာများသည် မြေယာဆိုင်ရာ အာမခံချက် (သို့) မြေယာဂရံ တိတိကျကျရှိပါက တန်ရာတန်ကြေးနှင့် တူညီသောမြေယာ (သို့) အစားထိုးပစ္စည်း တစ်ခုခုရရှိရန် တိုင်းပြည်အစိုးရထံသို့တင်ပြရမည်။

**၂။ ငွေ၊ စပါး တိုးနှုန်း** ( Interest Rates )

(က) ဒေသဆိုင်ရာတာဝန်ခံများသည် တော်လှန်ရေးကာလတွင် သင့်တော်သည့် ကြွေးမြီအတိုးနှုန်းများကို သတ်မှတ် ပေးရမည်။

(ခ ) ဒေသအတွင်းစပါးတိုးနှုန်း၊ ငွေတိုးနှုန်းကို အောက်ပါအတိုင်း ဖေါ်ပြထားသည်။ သတ်မှတ်နှုန်းထားများမှာ –

- (၁) စပါးအတွက် နှုန်းထားမှာ ၃၀% ဖြစ်သည်။ (စပါး တင်း ၁၀၀ လျှင် တစ်နှစ်အတိုးနှုန်း တင်း ၃၀)
- (၂) စပါးဈေး (နောက်ပေး) ကို ဒေသအလိုက် ဈေးနှုန်းအတိုင်းပေးရမည်။ (လယ်စထွန်ချိန်မှ စပါးရိပ်သိမ်းပြီးချိန်အထိ)
- (၃) စပါးဈေး (နောက်ပေး) ကို ဒေသအလိုက် ဈေးနှုန်းအတိုင်းပေးရမည်။ (စပါးစိုက်ပြီးချိန်မှ စပါးရိပ်သိမ်းပြီးချိန်အထိ)
- (၄) စပါးအပင်လိုက်ရောင်းခြင်းကို မြို့နယ်၊ ခရိုင်များမှ ဒေသအလိုက် သတ်မှတ်နိုင်သည်။

(ဂ) စပါးချေးခြင်းနှင့် စပါးအတိုး ပြန်ပေးခြင်းသည် ကေအဲန်ယူ လယ်ယာစိုက်ပျိုးရေးဌာနမှ (*၇.၃.၂၀၀၉ ရက် အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ စပါးတိုးနှုန်းမှာ*) –

(၁) စပါးချေးယူသူတစ်ဦးက စပါးလုပ်ပြီးချိန်တွင် ချေးပေးသူ၏ အိမ်အထိ အရောက်ပို့ပေးပါက (၁၀) တင်း အတွက် (၃) တင်းအတိုးပေးရမည်။

(၂) စပါးချေးယူသူတစ်ဦးက စပါးလုပ်ပြီးချိန်တွင် ချေးပေးသူထံသို့ပို့မပေးဘဲ တလင်းမှကိုယ်တိုင်သွားရောက် သယ်ယူရပါက (၁၀) တင်းအတွက် (၅) တင်း အတိုးပေးရမည်။

(ဃ) လယ်ယာစိုက်ပျိုးရေးဌာန၏ ဘဏ်တွင် (KAD Bank) ငွေချေးယူပြီး ပြန် ဆပ်ရန်အတွက် ငွေတိုးနှုန်းကို ကေအဲန်ယူ လယ်ယာစိုက်ပျိုးရေး ဌာနမှ (*၇.၃.၂၀၀၉ ရက် အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ငွေတိုးနှုန်းမှာ*) –

(၁) တောင်သူလယ်သမားများ စိုက်ပျိုးရေးဘဏ် (KAD Bank) တွင် ငွေချေးယူပါက ငွေတိုးနှုန်းမှာ ၁.၅% (ဘး) ဖြစ်သည်။

(၂) စီးပွားရေးသမားနှင့် တောင်သူလယ်သမားမဟုတ်သောသူများသည် စိုက်ပျိုးရေးဘဏ် (KAD Bank)တွင် ငွေချေးယူပါက တိုးနှုန်းမှာ ၃–၄% (ဘး) ဖြစ်သည်။

## ၃။ **အခွန်** ( Tax )

(က) လူတိုင်းသည် အခွန်ပေးဆောင်ရမည်။

(ခ ) မည်သူမဆို အစိုးရဝန်ထမ်းလုပ်သည်ဖြစ်စေ၊ အမျိုးသားအတွက် အလုပ်တစ်ခုခုကိုလုပ်သည်ဖြစ်စေ အခွန်ကို ပေးဆောင်ရမည်။

(ဂ ) မြေယာမလုပ်ကိုင်သည့် မျိုးချစ်မြေရှင်သည် အချိန်မှန်မှန်မြေက်ခွန်ပေးဆောင်ရမည်။

(ဃ) မြေခွန်ပေးဆောင်ရန် မြေပိုင်ဆိုင်မှုအကျယ်အဝန်း (ဧက) ပေါ်တွင်မူတည်သည်။

(၁) အခွန်ကို (KNU) မှတောင်းခံရာတွင် ငွေ (သို့မဟုတ်) အသီးအနှံ၊ စပါးနှင့်ဟင်းသီးဟင်းရွက်များဖြင့်ပေးဆောင် နိုင်သည်။

(၂) ပဋိပက္ခရှိသည့်နေရာ (သို့) လုံခြုံမှုမကောင်းသောနေရာတွင် အခွန် ကောက်ခံသူများ သီးနှံအထွက်ကို တိတိ ကျကျ မသိရှိပါက မြေအကျယ်အဝန်းပေါ်တွင် မူတည်၍ အခွန်ကောက်ခံရမည်။

(၃) အခွန်ကောက်ခံခြင်း မတူခြားနားရသည်မှာ ခရိုင်တစ်ခုနှင့်တစ်ခု အခြေအနေခြင်းမတူညီမှုအ ပေါ်တွင်မူတည်သည်။

(င ) အခွန်ကို အောက်ပါအတိုင်း သတ်မှတ်သည်။

## (၁) လယ်

၁။ ပိုင်ရှင်မရှိသောမြေယာများကို ကေအဲန်ယူလယ်ယာဌာန တာဝန်ခံများက ထိန်းချုပ်ထားပြီး သင့်တော်သောသူတစ်ဦးဦးအား လုပ်ကိုင်ခွင့်ပေး၍ စပါးအထွက်နှုန်း တင်း (၁၀၀) လျှင် အခွန် (၈) တင်း ပေးဆောင်ရမည်။

၂။ ပိုင်ရှင်ရှိသော မြေယာများကို စပါးတင်း (၁၀၀) ထွက်လျှင် အခွန် (၄) တင်း ပေးဆောင်ရမည်။

၃။ စိုက်ပျိုးရေးမလုပ်သောမြေကို မြေရှင်က တစ်နှစ်လျှင် မြေတစ်ဧကအတွက် မြေခွန် (၀၊) မြက်ခွန် (၁၀၀၀) ကျပ် ပေးဆောင်ရမည်။

## (၂) တောင်ယာစပါး

၁။ စပါးတင်း (၁၀၀) အထက်ထွက်ရှိသည့် တောင်ယာစပါးတစ်ခင်းကို အခွန် (၄) တင်းပေးဆောင်ရမည်။

၂။ တင်း(၅၀)အထက် ထွက်ရှိသော တောင်ယာစပါးတစ်ခင်းကို အခွန် (၂) တင်းပေးဆောင်ရမည်။

၃။ (၂၅) တင်းမှ တင်း (၅၀) အတွင်း ထွက်ရှိသောတောင်ယာစပါးတစ်ခင်းကို အခွန် (၁) တင်းပေးဆောင်ရမည်။

၄။ (၂၅) တင်းအောက် ထွက်ရှိသည့်တောင်ယာစပါးတစ်ခင်းကို အခွန်ပေးဆောင်ရန်မလိုပါ။

၅။ နှစ်ရှည်သီးပင်များမှ ထွက်ရှိသောသီးနှံများပေါ် အခွန် ၅% ကောက်ခံရမည်။

၆။ နှစ်တိုဟင်းသီးဟင်းရွက်၊ အသီးအနှံများအတွက် ထွက်ရှိချိန်တစ်ရာသီအပေါ်မူတည်၍ ၅% ကောက်ခံရမည်။

၇။ အသီးအနှံရောနှောစိုက်ပျိုးသောအခင်းအကွက်များတွင် တိကျစွာတွက်ယူ၍ မရသဖြင့် တကေလျှင် (၁၀၀၀) ကျပ်ကောက်ခံရမည်။

## ၄။ ငွေကြေးများ (အဖိုးအခ) ( Fees )

(က) မြေယာအပြောင်းအလဲအတွက် မြေပြောင်းလဲသူတိုင်း အဖိုးအခပေးဆောင်ရမည်။ မြေပိုင်ရှင် အသစ်တစ်ဦးက ပေးဆောင်ရမည်။

(၁) ဤငွေကြေး (အဖိုးအခ) များကိုလယ်ယာဌာန၏ရုံးအသုံးစရိတ်နှင့် ရုံးသုံးပစ္စည်းများအတွက် အသုံးပြုရမည်။

(ခ) မြေယာအမှတ်အသားအတွက် ပေးဆောင်ရမည့်ငွေကို မြေရှင်ကရင်းတို့မြေယာတိုင်းထွာမှတ်သားသည့်အချိန်တွင် ပေးဆောင်ရမည်။

(ဂ) မြေဂရံအကြေ မပေးနိုင်သူများအတွက် လယ်ယာစိုက်ပျိုးရေးဌာန သို့တင်ပြ၍ ၎င်းအတွက်စဉ်းစားဆုံးဖြတ် ပေးရမည်။

(ဃ) အရောင်းအဝယ် စာချုပ်အတွက် ပေးဆောင်ရမည့်ငွေကြေးကို မြေရောင်းသူ၊ ဝယ်သူတို့က ပေးရမည်။ ပေးဆောင်ရမည့်နှုန်းထားမှာ အောက်ပါ အတိုင်းဖြစ်သည်။ (*၆.၁၀.၂၀၁၀ ရက်တွင် ပြန်လည်သုံးသပ်*၍ဆုံးဖြတ်)

(၁) မြေ အရောင်းအဝယ် စာချုပ်၏ အဖိုးအခ – ရောင်းသူက ၄၀၀၀ ကျပ်ပေးဆောင်ရမည်။

(၂) အမွေအပ်နှင်းခြင်း စာချုပ်၏ အဖိုးအခ – ၄၀၀၀ ကျပ်

(၃) မြေယာအပြောင်းအလဲ၏ စာချုပ်အဖိုးအခ – ၄၀၀၀ ကျပ်ကို နှစ်ဦးစလုံးပေးရမည်။

(၄) မြေယာမှပစ္စည်း (ဝါ) တိရစ္ဆာန်သို့ပြောင်းလဲသော စာချုပ်၏ အဖိုးအခ – ၄၀၀၀ ကျပ် (နှစ်ဦးစလုံး ပေးဆောင် ရမည်)

(၅) မြေယာပိုင်ဆိုင်ခွင့် လက်မှတ် (ဂရံ) ၏အဖိုးအခ – ၄၀၀၀ကျပ်

(၆) လုပ်ပိုင်ခွင့် (ဂရံ)၏အဖိုးအခ – ၄၀၀၀ကျပ်

(၇) မြေအငှါးချခြင်းနှင့် မြေပေါင်နှံခြင်း၏ စာချုပ် အဖိုးအခ – ၄၀၀၀ ကျပ် (နှစ်ဦးစလုံးပေးဆောင်ရမည်)

(၈) မြေယာအရောင်းအဝယ် တန်ဖိုးအပေါ် အခွန် ၁၀ % ကောက်ခံရမည်။

(င) **မှတ်ချက်** – စာချုပ်နှင့် ဂရံ မှ ရရှိသောဝင်ငွေများအားလုံးကို ခရိုင်လယ်ယာစိုက်ပျိုးရေးဌာန၏ ရုံး လိုအပ်မှုများအတွက် အသုံးပြုနိုင်သည်။ သို့ရာတွင် တိကျသော စာရင်းဇယားများပြုစု၍ ဘဏ္ဍာရေးဌာနရုံးသို့အစီရင်ခံတင်ပြရမည်။ ဤငွေကြေးနှင့်ပတ်သက်၍ ခရိုင်ရုံး၏လိုအပ်ချက်အတွက် မြို့နယ်လယ်ယာစိုက်ပျိုး ရေးဌာနက ခရိုင်လယ်ယာစိုက်ပျိုးရေးဌာနရုံးသို့ ၄၀ % ပေးပို့ရမည်။

## ၅။ အခွန်ကောက်ခံသည့် နည်းလမ်းများ ( *၇.၁၀.၂၀၁၀ ရက် – ပြန်လည်သုံးသပ်၍ဆုံးဖြတ်* )

(က) လယ်ယာစိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူများက ဌာနနှင့် သက်ဆိုင်သော လယ်ယာ၊ တောင်ယာ၊ ဥယျာဉ်ခြံမြေနှင့် သီးနှံခွန်အားလုံးကို တာဝန်ယူကောက်ခံရမည်။

(ခ) ကောက်ခံရရှိသော အခွန်အားလုံးကို စာရင်းဇယားများတိတိကျကျ ပြုစုမှတ်သား၍ မြို့နယ် (သို့) ခရိုင်ဘဏ္ဍာ ရေးဌာနသို့ပေးသွင်းရမည်။

(ဂ) ငွေကြေးဖြင့် သော်ၚင်း၊ သီးနှံဖြင့်သော်ၚင်း၊ ကောက်ခံရရှိသောအခွန်ငွေများကို တော်လှန်ရေးမိသားစုနှင့် စစ်သည်များအတွက် ခွဲဝေပေးသော ငွေကြေး (သို့) စပါးများကို လယ်ယာစိုက်ပျိုးလုပ်ဌာနမှ တိတိကျကျ စာရင်း ဇယားများပြုစု၍ မြို့နယ်၊ ခရိုင်၊ ဗဟိုဘဏ္ဍာရေး အဆင့်ဆင့်သို့ တင်သွင်းရမည်။

(ဃ) တစ်နှစ်တစ်ကြိမ် ကောက်ခံရရှိသောအခွန်ငွေများနှင့် သတ်မှတ်ခွဲဝေမှုများသည် ဗဟိုအဆင့်သို့ မှန်မှန်ကန်ကန်တင်ပြနိုင်မှုရှိ၊ မရှိကို လယ်ယာစိုက်ပျိုးရေးဌာနနှင့် အခွန်တော်ဘဏ္ဍာရေးဌာနတို့က တစ်နှစ်တစ်ကြိမ် ဝင်ငွေနှင့်စာရင်း များကိုညှိနှိုင်းလုပ်ဆောင်ရမည်။

(င) တော်လှန်ရေးမိသားစုများနှင့် စစ်သည်များအတွက် ကူညီထောက်ပံ့ခွဲဝေမှုများနှင့် ပတ်သက်၍ မှန်မှန်ကန် ကန်လုပ်ဆောင်နိုင်ရန်အတွက် ခရိုင်နှင့် တပ်မဟာမှူးများက တာဝန်ယူကြီးကြပ်လုပ်ဆောင်ရမည်။

# အခန်း (၁၃)

## မြေယာပြဿနာ ( Land Disputes )

၁။ ကျေးလက်တောရွာတွင် ရွာသူရွာသားများအကြား ဖြစ်ပွားသော မြေယာပြဿနာများကို ဒေသဆိုင်ရာ မြေယာဖြေရှင်းရေးကော်မတီမှ ဖြေရှင်းပေးရမည်။

(က) ကျေးနယ်အဆင့်တွင် မြေယာပြဿနာဖြေရှင်းရေးအတွက် မြေယာ ဖြေရှင်းရေးကော်မတီအဖွဲ့ဝင် (၃) ဦးမှ (၅) ဦးအထိ ဖွဲ့စည်းရမည်။ ၎င်းတို့ထဲတွင်ရွာလူကြီးများနှင့် တောင်သူလယ်သမားအဖွဲ့များပါဝင်ရမည်။

(ခ) မြေယာပြဿနာဖြေရှင်းရာတွင် ကော်မတီများသည် မြေယာဆိုင်ရာ ကရင်ဓလေ့ထုံးတမ်းနှင့် အညီသော်၎င်း၊ (KNU) မြေယာလမ်းစဉ်နှင့်အညီသော်၎င်းဖြေရှင်းဆောင်ရွက်သွားရမည်။

(ဂ) ပထမအဆင့်အနေဖြင့် ကော်မတီက နှစ်ဦးနှစ်ဖက်စလုံး ပြေလည် သင့်မြတ်ရန်အတွက် ငြိမ်းချမ်းသော နည်းဖြင့် ဖြန်ဖြေညှိနှိုင်းပေးရမည်။ ကော်မတီ၏ ဆုံးဖြတ်ချက်ကို နှစ်ဖက်စလုံးက ကျေနပ်၍ လက်ခံသဘောတူရမည်။

(ဃ) ကျေးနယ်အဆင့်ကော်မတီမှ မြေယာပြဿနာဖြေရှင်းရာတွင် ကျေနပ်မှုမရှိပါက မြို့နယ်အဆင့်တရားရုံးသို့ ဖြေရှင်းပေးရန်အတွက် အစီရင်ခံတင်ပြရမည်။

၂။ ကြီးမားသောမြေယာပြဿနာများသည် လူအများကိုထိခိုက်စေနိုင်သော ကိစ္စများဖြစ်သဖြင့် မြို့နယ်တရားရုံးသို့ အစီရင်ခံ တင်ပြရမည်။

၃။ ကုမ္ပဏီများနှင့် ဖြစ်ပေါ်လာသော မြေယာပြဿနာများသည် ခရိုင်နှင့် ဗဟိုအဆင့်မှ စတင်ကိုင်တွယ်ရမည်။

# အခန်း (၁၄)

## သတ်မှတ်ထားသည့် စိုက်ပျိုးရေးဆိုင်ရာနည်းလမ်းများ

( Agriculture Policy )

### ၁။ စိုက်ပျိုးရေးအလုပ်အကိုင် (လုပ်ငန်း) ( Agricultural Practices )

(က) လယ်သမားများအား စားသုံးရန်နှင့်ရောင်းချနိုင်သည့် အသီးအနှံဟင်းသီးဟင်းရွက်များရောနှောစိုက်ပျိုးရေး (Mix crops) စံနစ်ကိုအားပေးသွားမည်။ မိသားစုစားနပ်ရိက္ခာဖူလုံရေးနှင့် ဝင်ငွေရရှိရေးအတွက်ဖြစ်သည်။ ဆန်စပါး တစ်မျိုးတည်းကိုသာ အားမထားရန်ဖြစ်သည်။

(ခ) ဆန်စပါးစိုက်ပျိုးရေးအတွက် မကောင်းသည့်မြေများကို အခြားသောဝင်ငွေရရှိနိုင်သောသီးနှံများဖြင့် အစားထိုးစိုက်ပျိုး၍ ရရှိသောဝင်ငွေများမှ စားနပ်ရိက္ခာများကို ပြန်လည်ဝယ်ယူစားသုံးရန် ပြည်သူလူထုများကို အားပေးသွားမည်။

(ဂ ) လယ်ယာလှေခါးထစ် ( Contour Farming ) စိုက်ပျိုးရေးစံနစ်သစ်ကိုဖေါ်ထုတ်ရန်၊ စားသုံးရန်နှင့်ရောင်းချရန်အတွက် နှစ်တို၊ နှစ်ရှည်

သီးနှံပင်အမျိုးမျိုးကို ရောနှောစိုက်ပျိုးသောစံနစ် ( Agro-Forestry ) ကိုဖေါ်ထုတ်ရန်၊ ဤစိုက်ပျိုးရေး စီမံကိန်းများကို အကောင်အထည် ဖေါ်ဆောင်နိုင်ရန် လယ်ယာစိုက်ပျိုးရေးဌာန တာဝန်ရှိသူများက ဒေသခံလူထုများအား ၎င်းတို့ကိုယ်တိုင်လုပ်ဆောင်နိုင်ရန်အတွက် နည်းနာနှင့်လက်တွေ့ပညာများကို ပို့ချပေးရမည်။ (ဥပမာ – တညင်း၊ နာနတ်၊ ဒူးရင်း၊ ဖာလာနှင့် အခြား)

(ဃ) ဒေသအတွင်း စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာတိုးချဲ့နိုင်သော နေရာများတွင် လယ်မြေများတိုးချဲ့ရေးကို အားပေးသွားမည်။ တောင်ယာအလှည့်ကျပြောင်းရွှေ့စိုက်ပျိုး ရေးစံနစ်ကို လျော့ချ၍ အခြားသင့်တော်သော သီးနှံပင်များနှင့် အစားထိုးစိုက်ပျိုးရမည်။ (ဥပမာ – တောင်ယာစပါးအစား လက်ဖက်)

(င) သဘာဝမြေဩဇာပြုပြင်ထိန်းသိမ်းရေးနည်းစံနစ်များကို အားပေး ကူညီပံ့ပိုးသွားမည်။

(စ) မြေအခြေအနေဆိုးဆိုးရွားရွားမဟုတ်ပါက သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေးအား ထိခိုက်စေသည့် ပိုးသတ်ဆေး ( Chemical pesticides ) သုံး စွဲခြင်းနှင့် ဓါတ်မြေဩဇာ (Chemical fertilizers) သုံးစွဲခြင်းကို တားမြစ်ရမည်။

(ဆ) တောင်ယာခုတ်ရာတွင် မခုတ်သင့်သည့် နေရာများမှာ –

(၁) တောင်ကျော၊ တောင်ကုန်းထိပ်၊

(၂) ချောင်းဖျား၊ စမ်းရေထွက်သည့်နေရာနှင့် အတောင်တစ်ရာအကွာ (ချောင်းနှင့်ကပ်လျက် တောင်ယာခုတ်လျင် ရေခမ်းခြောက်နိုင်ခြင်း)

(၃) စောင်းလွန်းသည့်နေရာ ၇၅° အထက် (မြေဩဇာ လွယ်ကူစွာ မျောပါနိုင်၍ စပါးမကောင်းခြင်း)

(၄) ကျောက်တုံးကျောက်ခဲများသည့်နေရာ (မြေသြဇာမရှိ၍ စပါးမကောင်းခြင်း)
(၅) အဖိုးတန်သစ်များ ပေါက်ရောက်သည့်နေရာ
(၆) လူမှုအဖွဲ့အစည်းများ၏သစ်တော
(၇) ဆေးမြစ်ဝါးပင်များကြိုးဝိုင်း
(၈) သတ်မှတ်ထားသည့် ဘာသာ၊ သာသနာမြေများ
(၉) သင်္ချိုင်းမြေ၊ သုသာန်မြေ
(၁၀) ရေပူစမ်း၊ ရေအေးစမ်း (တောတိရစ္ဆာန်များမှီဝဲသော ဆေးဘက်ဆိုင်ရာမြေ )
(၁၁) စားကျက်မြေ
(၁၂) တိရစ္ဆာန်ကြိုးဝိုင်း
(၁၃) သစ်တောကြိုးဝိုင်း
(၁၄) အပန်းဖြေရန်နေရာ
(၁၅) အဖွဲ့အစည်းမြေ
(၁၆) အင်းအိုင်မြေ (အထက်ပါ နေရာများတွင်တောင်ယာခုတ်ထွင်ခြင်းမပြုရပေ)

# အခန်း (၁၅)

## ကြီးမားသောဖွံ့ဖြိုးရေးစီမံကိန်းအတွက်မူဝါဒ

( Large Scale Development Policy)

### ၁။ စီမံကိန်းကြီးများ

ကြီးမားသောဖွံ့ဖြိုးရေးစီမံကိန်းအတွက်လုပ်ဆောင်မည့် ကုမ္ပဏီများ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များမှာ –

(က) အပြည်ပြည်ဆိုင်ရာမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်စေမည့် အရာများကို သေချာစွာ သုတေသနပြုလုပ်ရမည်။ (အပြည်ပြည်ဆိုင်ရာမှ သတ်မှတ်သည့် Principles of Environmental Assessment Best Practice နှင့် www.iaia.org ကြည့်ပါ )

(ခ) သုတေသနလုပ်ငန်းများ ပြုလုပ်ရာတွင် လုပ်ငန်းစဉ်တစ်ခုလုံး၌ ပြည်သူလူထုများ ပူးပေါင်းပါဝင်မှုရှိရမည်။

(ဂ) စီမံကိန်းကြီးများနှင့်ပတ်သက်၍ အထူးသဖြင့် ဘဏ္ဍာရေးအသုံးစရိတ်များနှင့် အကျိုးအမြတ်များကို ဒေသခံပြည်သူလူထုများအား အသိပေးရမည်။

(ဃ) ဒေသခံပြည်သူလူထုများ၏ ထင်မြင်ယူဆချက်များ၊ အကြံဉာဏ်များနှင့် ပါဝင်ဆုံးဖြတ်ချက်များကို ခွင့်ပြုရမည်။

(င) အဓမ္မနေရာရွှေ့ပြောင်းခြင်းကို ရှောင်ကျဉ်ရမည်။ သို့သော် ရှောင်ကျဉ်၍မရပါက သက်ဆိုင်သူများအားလုံး လက်ခံနိုင်သည့် အခြေအနေဖြစ်ရမည်။ အတင်းအဓမ္မရွှေ့ပြောင်းရေးနှင့်ပတ်သက်၍ အပြည်ပြည်

ဆိုင်ရာ၏လူ့အခွင့်အရေးဆိုင်ရာ ဥပဒေအားလုံးကို လိုက်နာဆောင်ရွက်ရမည်။

( စ) လျော်ကြေးငွေပြန်ပေးရေးနှင့်ပတ်သက်၍အတွက် အောက်ပါလူနှစ်မျိုးနှစ်စားကိုပေးရမည်။

(၁) မြေယာနှင့်အသက်အိုးအိမ်ဆုံးရှုံးသောသူများ

(၂) အသက်မွေးဝမ်းကျောင်းလုပ်ငန်း ထိခိုက်ပျက်စီးနစ်နာသူများ

## ၂။ **စာချုပ်စာတမ်း** (Contract) **အပေါ်သဘောထား**

မိမိတို့နယ်မြေအတွင်း ရင်းနှီးမြုပ်နှံမှုပြုလုပ်မည့် ပြည်တွင်းပြည်ပမှ ကုမ္ပဏီများသည် အသီးအနှံဝယ်ယူရေးနှင့် သီးနှံထုတ်လုပ်ရေးလုပ်ငန်းများကို လုပ်ဆောင်ရာတွင် ဖက်စပ်လုပ်ငန်းအဖြစ် (Joint Venture) အရသော်လည်းကောင်း၊ နှစ်တို နှစ်ရှည်သီးနှံရောင်းဝယ်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင်သော်လည်းကောင်း၊ စာချုပ်စာတမ်း ( Contract ) များဖြင့် နှစ်ဦးနှစ်ဖက်သဘော တူညီမှုလုပ်ဆောင်ခြင်းမျိုးရှိမည်ဖြစ်သည်။ ထို့ကြောင့် (KNU) ခေါင်းဆောင် တာဝန်ရှိသူများက (၁) လယ်သမားများနှင့် ဒေသခံပြည်သူများအတွက် မည်မျှအကျိုးရှိမည် (၂) လယ်သမားများနှင့် ဒေသခံပြည်သူများကို မည်မျှ ထိခိုက်နိုင်မည်၊ (၃) မည်မျှ ရေရှည်တည်တံ့ခိုင် မြဲမည့်လုပ်ငန်းများ ဖြစ်မည်ကို သေချာစွာ ချင့်ချိန်ပြီး ကွင်းဆင်းလေ့လာ မှုများ (Survey) နှင့် (Assessment) ပြုလုပ်ပြီးမှ လက်ခံခွင့်ပြုသင့်သည်။

(၁) ပြည်ပမှလူ (သို့) ပြည်နယ်ပြင်ပမှ မိမိတို့နယ်မြေအတွင်း စီမံကိန်းတစ်ခုခုပြုလုပ်လျှင် (ဥပမာ– စိုက်ပျိုးရေး၊ သီးနှံရောင်းဝယ်ရေးလုပ်ငန်းနှင့် စက်ရုံတစ်ခုခုတည်ဆောက်လိုလျှင် သက်ဆိုင်ရာ ခရိုင်တာဝန်ခံများ၊ ဗဟို အဆင့်တာဝန်ခံများနှင့် လာရောက်တွေ့ဆုံ ဆွေးနွေး၍ ခွင့်ပြုချက်ရယူရမည်။ ဗဟိုအဆင့်မှ လုပ်ငန်းလုပ်ကိုင်ခွင့် ပြုလုပ်ရာ

တွင် နှစ်ဦးနှစ်ဖက်မှ လက်မှတ်စာချုပ်သဘောတူညီချက်များဖြင့် ပြုလုပ်ရမည်။ (စာချုပ်ထဲတွင် လုပ်ကိုင်မည့် လုပ်ငန်းအကြောင်းအရာ အသေးစိတ် ပါရှိရမည်။)

(၂) မိမိတို့နယ်မြေအတွင်း လုပ်ငန်းလုပ်ကိုင်လိုသော ကုမ္ပဏီများအား မြေအရောင်းအဝယ် ခွင့် ပြုမည်မဟုတ်ပါ။

(၃) ခရိုင်အတွင်း လာရောက်လုပ်ကိုင်မည့်စီမံကိန်းများကို ခရိုင်တာဝန်ခံများမှတဆင့် ဗဟိုအဆင့် တာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေးရမည်။

# အခန်း (၁၆)

## မြေယာဆိုင်ယာ (ဂရံ) ပေးအပ်ခွင့်ရှိသူနှင့် မြေပိုင်ရှင်များ လိုက်နာ ဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများ

### (က) မြေယာဆိုင်ယာ (ဂရံ) ပေးအပ်ချိန်တွင် တာဝန်ရှိသူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ

(၁) ဤမြေယာ (ဂရံ) သည် တစ်နှစ်တစ်နေရာ ခုတ်သည့် တောင်ယာနှင့် ပေါ်ထွန်းလာနိုင်သလို ၊ ပျောက်သွားတတ်သည့်မြေမျိုးများဖြစ်သည့် (ကျွန်းမြေ/သောင်ထွန်းမြေ) များမှအပ၊ အခြားလုပ်ကိုင်စားသောက်နိုင် သောမြေများဖြစ်သည့် လယ်ယာ၊ ကိုင်း၊ နှင့် ဥယျာဉ်ခြံအမျိုးမျိုးကို မြေယာ (ဂရံ) များထုတ်ပေးနိုင်သည်။

(၂) ဤမြေယာ(ဂရံ) ကို မြေပိုင်ရှင်လက်ထဲသို့ပေးအပ်ပြီး ရုံးတွင်မိတ္တူထားရှိရန် မလိုပါ။ ရုံးတွင်မှတ်တမ်းတင်ရန်အတွက် မှတ်တမ်းစာအုပ် (Register book) ထဲတွင်အောက်ပါအတိုင်း ရေးမှတ်ထားရမည်။

ဤမှတ်တမ်းစာအုပ်ကို မြို့နယ်စိုက်ပျိုးရေးဌာနတွင် တစ်အုပ်၊ ခရိုင်နှင့် ဇဟိုမြေယာစိုက်ပျိုးဌာနသို့ တစ်အုပ်စီပေးပို့ရမည်။

(၃) မြေယာ (ဂရံ) ကိုထုတ်ပေး၍ လက်မှတ်ရေးထိုးနိုင်သူသည် ခရိုင်အဆင့် လယ်ယာစိုက်ပျိုးရေးဌာနတာဝန်ခံ အဆင့်သာဖြစ်ရမည်။ မြို့နယ်အဆင့်လယ်ယာစိုက်ပျိုးရေးဌာနတာဝန်ခံနှင့်ဌာနတာဝန်ရှိသူများ ဤမြေယာ (ဂရံ) နှင့်ပတ်သက်၍စစ်ဆေးစီစစ်၍ မြေယာ (ဂရံ) ပုံစံစာရွက်ကို ဖြည့်စွက်ပြီး မြေပိုင်ရှင်လက်ထဲသို့ ပေးအပ်နိုင်သည်။

(၄) မြေပိုင်ရှင်ကို မြေယာ (ဂရံ) တစ်အုပ်ထုတ်ပေးပါက မြန်မာငွေ (၄၀၀၀) ကျပ်ကောက်ခံရမည်။ (အခန်း ၁၂ အခန်းငယ် ၄ ၏ အပိုဒ်ငယ် (င) အချက် အတိုင်း လုပ်ဆောင်နိုင်သည်။

(၅) ဤမြေယာ (ဂရံ) စာအုပ်ကို မြေပိုင်ရှင်ကသိမ်းဆည်းထားရမည်ဖြစ်သဖြင့် ပုံစံစာရွက်တင် ထားသည် (A-4 စက္ကူပုံစံစာရွက်ဖြင့် မိတ္တူကူးရပါမည်။ ပုံစံတစ်ဖက်နှင့် စည်းကမ်းချက်တစ်ဖက်ပါသည့် စာရွက်ပုံစံအတိုင်း စာမျက်နှာနှစ်ဖက်စလုံးကို မိတ္တူကူးရပါမည်။ ခရိုင်မြို့နယ်များကလိုအပ်သည့်အတိုင်း ဆက်၍စီစဉ်နိုင်ပါသည်။

(၆) မြေယာ (ဂရံ) စာအုပ်ထုတ်ပေးသည့်တာဝန်ရှိသူသည် ထုတ်ယူမည့်မြေပိုင်ရှင်အား စည်းမျဉ်းစည်းကမ်းများ ကို နားလည်သဘောပေါက်အောင် ဖတ်ပြရှင်းပြရမည်။

**မှတ်ချက်** – မြေယာ (ဂရံ) သက်သေစာချုပ်အတွင်း နံပါတ်နှစ်မျိုးဖြစ်သည့် မှတ်ပုံတင်နံပါတ် နှင့် အမှတ်စဉ် နှစ်ခုရေးသားထားသည်ကိုတွေ့ရှိရမည်။ မှတ်တမ်းနံပါတ်ဖက်တွင် ခရိုင်နှင့် လယ် (သို့မဟုတ်) ဥယျာဉ်ဟုခွဲခြားနိုင်ရန်နှင့်  ခရိုင်အတွင်း လယ်ယာ၊ ကိုင်းနှင့်ဥယျာဉ်များ ထောင်ချီ သောင်းချီရှိမည်ဆိုလျှင်ရေးသားထားရမည်။

ဥပမာ– ဖာပွန်ခရိုင်တွင် မြေပမာဏထောင်ချီရှိမည်ဖြစ်သောကြောင့် ထိုမြေယာ (ဂရံ) ကို ဦးဆုံးလူတစ်ဦးထံပေးအပ်မည်ဆိုလျှင် ဖပ/၀၀၀၁ အတိုင်းဖြစ်ရမည်။ ဒုတိယလူသို့ ပေးလျှင် ဖပ/၀၀၀၂ အတိုင်းရေးသားရမည်။ သို့သော် ခရိုင်အတွင်း လယ်သောင်းချီရှိလျှင် ဖပ/လယ် ၀၀၀၀၁၊ ဖပ/လယ် ၀၀၀၀၂ ဟု တစ်ဆင့်ပြီးတစ်ဆင့် ရေးသားရပါမည်။ နံပါတ်ဘက်တွင် ဂရံစာအုပ်ပေးသည့် နံပါတ်စဉ် ၁၊ ၂၊ ၃ အတိုင်း ရေးနိုင်ပါသည်။ ဥယျာဉ်ဖြစ်ပါက ဖပ/ဥယျာဉ် ၀၀၀၁၊ ဖပ/ဥယျာဉ် ၀၀၀၂ အတိုင်းဖြစ်ပြီး ခြံဖြစ်ပါက ဖပ/ခြံ ၀၀၀၁၊ ဖပ/၀၀၀၂ အတိုင်းဖြစ်ပါသည်။

မြေဂရံတစ်ကြိမ်ပေးခဲ့ပြီးဖြစ်သော မြေတစ်ကွက်အား တစ်ဆက်တည်းရှိသော မြေကိုတိုးချဲ့သည်ဖြစ်စေ၊ ပျက်စီးသွားသော မြေဂရံကို အသစ်ပြန် လုပ်သည်ဖြစ်စေ၊ အမွေအပ်နှင်းသည်ဖြစ်စေ၊ ရောင်းသည်ဖြစ်စေ၊ လဲလှယ်သည်ဖြစ်စေ၊ မြေဂရံအသစ်ပြုလုပ်ခြင်း (သို့မဟုတ်) အမည်ပြောင်းလဲပါက နံပါတ်ပြောင်းလဲရန်မလိုပါ။ ဂရံဟောင်းနံပါတ်အတိုင်းသာ ယူရမည်။

## (ခ) မြေယာဂရံအပြင်စည်းမျဉ်းများ

၁။ ဤမြေဂရံဆိုင်ရာ (ဂရံ) ကိုလက်ခံရရှိသူသည် ကေအဲန်ယူ၏မြေယာလမ်းစဉ် စည်းမျဉ်းအတိုင်း ကျင့်သုံးရမည်။ ကေအဲန်ယူ၏မြေယာလမ်းစဉ်စည်းမျဉ်းအတိုင်း လက်ခံကျင့်သုံးခြင်းမပြုပါက၊ ဤဂရံကို ပြန်လည်ရုပ်သိမ်းခြင်းသော်လည်းကောင်း၊ ထိုမြေပေါ်ရှိအရင်းအမြစ်နှင့် ပစ္စည်းများကို ကေအဲန်ယူအစိုးရမှ သိမ်းဆည်းခြင်း သော်လည်းကောင်းပြုလုပ်နိုင် သည်။

၂။ အသိအမှတ်ပြုထားခြင်းခံရသော်လည်းကောင်း၊ ဂရံမြေအတွင်း မြေအောက်သံယံဇာတပစ္စည်းများရှိပါက၊ ၎င်းသံယံဇာတပစ္စည်း

များသည် ထိုမြေဂရံ ပိုင်ဆိုင်သူနှင့် မသက်ဆိုင်ပေ။ ၎င်းသည်အစိုးရ နှင့်သာ သက်ဆိုင်ပြီး အစိုးရကဖြစ်စေ၊ အစိုးရကလိုင်စင်ထုတ်ပေးပြီး အသိ အမှတ်ပြုခြင်းခံရသော လူတစ်ဦးဦးကဖြစ်စေ၊ ကေအဲန်ယူ၏ သတ္တုတွင်းဌါန၏ စည်းမျဉ်းအတိုင်းတူးဖေါ်နိုင်သည်။ သို့ရာတွင် သတ္တုတူးဖေါ်မှုကြောင့် ပျက်စီးသွားသော မြေကိုတူးဖေါ်သူက မြေပိုင်ဆိုင် သူအား တန်ရာတန်ကြေးအရပေးလျော်ရမည်။

၃။ အသိအမှတ်ပြုထားသော ဂရံမြေအတွင်း ကျွန်းသစ်နှင့် အစိုးရက တားမြစ်ထားသော အခြားသစ်အမျိုးအစားရှိပါက ၎င်းမြေပိုင်သူ သည် မိမိသဘောအရ ခုတ်လှဲရောင်းချခြင်း၊ မိမိအတွက်အသုံးပြုခြင်း တို့ကို မပြုလုပ်နိုင်။ အကယ်၍ ခုတ်လှဲလိုပါက ကေအဲန်ယူ၏ သစ် တောဌာန စည်းမျဉ်းအတိုင်းကျင့်သုံးရမည်။

၄။ အများဆိုင်ရာလိုအပ်မှုအပေါ်၊ အဆောက်အဦးတခုခုကိုဆောက်ရန် ဖြစ်စေ၊ လမ်းဖေါက်ရန်ဖြစ်စေ၊ ရေးမြောင်းတာတမံတူးဖော်ရန်ဖြစ်စေ၊ ၎င်းဂရံမြေပေါ်၌ပြုလုပ်ပါက ပျက်စီးသွားသောမြေကို၊ မြေပိုင်ဆိုင်သူ အား သင့်တော်သော တန်ဘိုးအတိုင်းပေးလျော်ရမည်။

၅။ ၎င်းမြေကို ပိုင်ဆိုင်မှုအပြောင်းအလဲပြုလုပ်လို၍ ဖြစ်စေ၊ အမွေဆိုင်ရာ အပ်နှင်းလို၍ဖြစ်စေ၊ ပေါင်နှံလို၍ဖြစ်စေ၊ ရောင်းချလို၍ဖြစ်စေ၊ ထိုသို့ပြုလုပ်လိုပါက သက်ဆိုင်ရာကေအဲန်ယူတာဝန်ရှိသူတို့ထံ အ ကြောင်းကြားရမည်။ ယင်းသို့ အကြောင်းကြားခြင်းမရှိပါက အပ်နှင်း ထားသော ၎င်းမြေဂရံကို ပြန်လည်ရုပ်သိမ်းခြင်းသော်လည်းကောင်း၊ ဒဏ်ငွေရိုက်ခြင်းသော်လည်းကောင်း ပြုလုပ်နိုင်သည်။

၆။ ဂရံမြေအဖြစ်ထုပ်ပေးထားသော ၎င်းမြေသည် မည်သည့်သီးနှံပင်မှ စိုက်ပျိုးထားခြင်းမရှိခဲ့သော် ခိုင်လုံသော အကြောင်းအချက်

(အကြောင်းပြချက်) ရှိရမည်။ ခိုင်လုံသောအကြောင်းအချက်မရှိပါက ၎င်းထုတ်ပေးထားသောဂရံအား ပြန်လည်ရုပ်သိမ်း၍ဖြစ်စေ၊ မြေယာကို သိမ်းယူ၍ဖြစ်စေ ပြုလုပ်နိုင်သည်။

၇။ မြေယာတစ်ကွက်အပေါ်တွင် သက်တန်း (၃) နှစ်အထက် သီးနှံစိုက်ပျိုးမှုရှိပါက ဂရံမြေအဖြစ် သတ်မှတ်နိုင်ပြီး ဂရံလက်မှတ် အပ်နှင်းနိုင်သည်။

၈။ မြေယာပိုင်ဆိုင်သူတစ်ဦးတည်းက တစ်ဆက်တစပ်တည်းမရှိသည့် မြေနှစ်ကွက်အထက်ရှိမည်ဆိုပါက သီးသန့်ဂရံ လက်မှတ်များ မြေတစ်ကွက်စီအတွက် ထုတ်ပေးရမည်။

၉။ ကန့်ကွက်မြေများကို ဂရံ လက်မှတ်မထုတ်ပေးရ။

၁၀။ ပြဿနာတက်နေသည့် မြေကွက်တစ်ကွက်ကို ပြဿနာမရှင်းသမျှ ဂရံ လက်မှတ်မထုတ်ပေးရ။

၁၁။ ဂရံလက်မှတ်ထုတ်ထားပေးခံရသော မြေကွက်အတွက် ကေအဲန်ယူ ထံမြေခွန်၊ သီးနှံခွန် သို့မဟုတ် မြက်ခွန်ကို နှစ်စဉ်ပေးဆောင်ရမည်။

၁၂။ ဤမြေဂရံလက်မှတ်နှင့် တပါတည်း ပိုမိုပြည့်စုံအောင် မြေယာ၏ မြေပုံကြမ်း၊ ရှိခဲ့သော မြေအရောင်းအဝယ်စာချုပ်နှင့် အမွေဆိုင်ရာပါ ပူးတွဲထားရှိရမည်။

**လယ်ယာစိုက်ပျိုးရေးဌာန**

**ကရင်အမျိုးသားအစည်းအရုံး**

**တောင်ယာအခွန်ဖြတ်ပိုင်း**



အမှတ်စဉ် ——————————————

၁။ အမည် ——————————————

၂။ နေရပ် —————— ကျေးရွာ —————— ကျေးနယ်

—————————— မြို့နယ် —————————— ခရိုင်

၃။ မြေတိုးနှုန်း ——————————————

၄။ ကျသင့်သော မြေခွန်တန်ဖိုး ——————————————

၅။ နေ့စွဲ——————————————

ဌာနမှူး
လယ်ယာစိုက်ပျိုးရေးဌာန
ဇဟို

——————————
အခွန်ကောက်ခံသူ

**လယ်ယာစိုက်ပျိုးရေးဌာန**

**ကရင်အမျိုးသားအစည်းအရုံး**

**တောင်ယာအခွန်ဖြတ်ပိုင်း**

အမှတ်စဉ် ——————————————

၁။ အမည် ——————————————

၂။ နေရပ် ——————ကျေးရွာ—————— ကျေးနယ်

—————————— မြို့နယ် —————————— ခရိုင်

၃။ မြေတိုးနှုန်း ——————————————

၄။ ကျသင့်သော မြေခွန်တန်ဖိုး ——————————————

၅။ နေ့စွဲ——————————————

ဌာနမှူး
လယ်ယာစိုက်ပျိုးရေးဌာန
ဇဟို

——————————
အခွန်ကောက်ခံသူ

နီၢ်ဂံၢ်..............
မုၢ်နံၤ..............

**လယ်ယာစိုက်ပျိုးရေးဌာန**

**ကရင်အမျိုးသားအစည်းအရုံး**

**ဥယျာဉ်ခြံ၊ ကိုင်းအခွန်ဖြတ်ပိုင်း**

အမှတ်စဉ်------------------

၁။ အမည်------------------

၂။ နေရပ်---------- ကျေးရွာ ----------ကျေးနယ်

-----------မြို့နယ်-----------ခရိုင်

၃။ မြေအကျယ်အဝန်း-------------ဧက

၄။ ဦးပိုင်နံပါတ်------------ကွင်းအမှတ်----------

၅။ မြေအတန်းစား----------မြေအမျိုးအစား-------

၆။ မြေတည်နေရာ----------------------------

၇။ မြေတိုးနှုန်း----------------------------------

၈။ ကျသင့်သောမြေခွန်တန်ဖိုး---------------------

(စာဖြင့်---------------------------------------)

၉။ နေ့စွဲ------------------------------------

ဌာနမှူး
လယ်ယာစိုက်ပျိုးရေးဌာန ------------
ဗဟို အခွန်ကောက်ခံသူ


**လယ်ယာစိုက်ပျိုးရေးဌာန**

**ကရင်အမျိုးသားအစည်းအရုံး**

**ဥယျာဉ်ခြံ၊ ကိုင်းအခွန်ဖြတ်ပိုင်း**

အမှတ်စဉ် ------------------

၁။ အမည်------------------

၂။ နေရပ်------------ ကျေးရွာ---------ကျေးနယ်

-------------မြို့နယ်-------------ခရိုင်

၃။ မြေအကျယ်အဝန်း----------------ဧက

၄။ ဦးပိုင်နံပါတ်----------ကွင်းအမှတ်-----------

၅။ မြေအတန်းစား---------မြေအမျိုးအစား--------

၆။ မြေတည်နေရာ----------------------------

၇။ မြေတိုးနှုန်း----------------------------------

၈။ ကျသင့်သောမြေခွန်တန်ဖိုး-------------------

(စာဖြင့်---------------------------------------)

၉။ နေ့စွဲ------------------------------------

ဌာနမှူး
လယ်ယာစိုက်ပျိုးရေးဌာန ------------
ဗဟို အခွန်ကောက်ခံသူ

## လယ်ယာစိုက်ပျိုးရေးဌာန
## ကရင်အမျိုးသားအစည်းအရုံး
## လယ်ခွန်ဖြတ်ပိုင်း

အမှတ်စဉ်————————————

၁။ အမည်————————————

၂။ နေရပ်—————— ကျေးရွာ ——————ကျေးနယ်
——————မြို့နယ်——————ခရိုင်

၃။ မြေအကျယ်အဝန်း——————ဧက

၄။ ဦးပိုင်နံပါတ်——————ကွင်းအမှတ်——————

၅။ မြေအတန်းစား——————မြေအမျိုးအစား——————

၆။ မြေတည်နေရာ————————————

၇။ မြေတိုးနှုန်း————————————

၈။ ကျသင့်သောမြေခွန်တန်ဖိုး————————————

(စာဖြင့်————————————)

၉။ နေ့စွဲ————————————

ဌာနမှူး
လယ်ယာစိုက်ပျိုးရေးဌာန
ဗဟို

——————
အခွန်ကောက်ခံသူ


## လယ်ယာစိုက်ပျိုးရေးဌာန
## ကရင်အမျိုးသားအစည်းအရုံး
## လယ်ခွန်ဖြတ်ပိုင်း

အမှတ်စဉ်————————————

၁။ အမည်————————————

၂။ နေရပ်—————— ကျေးရွာ ——————ကျေးနယ်
——————မြို့နယ်——————ခရိုင်

၃။ မြေအကျယ်အဝန်း——————ဧက

၄။ ဦးပိုင်နံပါတ်——————ကွင်းအမှတ်——————

၅။ မြေအတန်းစား——————မြေအမျိုးအစား——————

၆။ မြေတည်နေရာ————————————

၇။ မြေတိုးနှုန်း————————————

၈။ ကျသင့်သောမြေခွန်တန်ဖိုး————————————

(စာဖြင့်————————————)

၉။ နေ့စွဲ————————————

ဌာနမှူး
လယ်ယာစိုက်ပျိုးရေးဌာန
ဗဟို

——————
အခွန်ကောက်ခံသူ

OFFICE OF THE SUPREME HEADQUATERS

KAREN NATIONAL UNION

KAWTHOOLEI

**ကညီဒီကလုာ်စၢဖှိဉ်ကရၢ – ကီၢ်သူလ့ၤ**

**ဟီဉ်ခိဉ်ကပၢာ်တၢ်ကွဲးနီဉ်ကွဲးဃါ တၢ်အုဉ်ကီၤ**

ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး – ကော်သူးလေ၏မြေယာပိုင်ဆိုင်မှု အာမခံ

Grant

တၢ်ကွဲးနီဉ်နီဉ်ဂံၢ်-------------
မှတ်ပုံတင်နံပါတ်

နီဉ်ဂံၢ်ရဲဉ်-----------------------------
အမှတ်စဉ်

ဟီဉ်ခိဉ်တၢ်ဖံးတၢ်မၤအီၤအကလုာ်-------------ဟီဉ်ခိဉ်ကစၢ်အမံၤ---------------ပၢ်အမံၤ---------------
စိုက်ပျိုးမြေအမျိုးအစား မြေပိုင်သူအမည် အဘအမည်

အိဉ်သဝီ ____________ကရူၢ်____________ကီၢ်ဆဉ်____________ကီၢ်ရှဉ်____________________
နေရပ်ကျေးရွာ– ကျေးနယ်– မြို့နယ်– ခရိုင်–

လၢအမ့ၢ်ဟီဉ်ခိဉ်လၢတၢ်တိထီဉ်န့ၢ်အီၤ/ တၢ်ပှၢန့ၢ်အီၤ/န့ၢ်ဘဉ်တၢ်န့ၢ်သါလၢမိၢ်ပၢ်/_______ ဒီးနှၢ်ဘဉ်တၢ်မၤဂၢၢ်မၤကျၢၤဟီဉ်ခိဉ်လံာ်အုဉ်သး
ရှိရင်းမြေသည်ဖော်ထုတ်၍ရရှိသောမြေ၊ ဝယ်ယူသည့်မြေ၊ မိဘအမွေခံမြေ ဖြစ်ပြီး ကေအဲန်ယူ–ကရင်အမျိုး
(ဂရံ)အံၤလၢခ့ဉ်အဲန်ယူဉ်–ကညီဒီကလုာ်စၢဖှိဉ်ကရၢနူဉ်လီၤ.
သားအစည်းအရုံး မှအသိအမှတ်ပြုသော(ဂရံ) မြေဖြစ်သည်။

## ဟီၣ်ခိၣ်တၢ်အုၣ်သး – မြေယာဆိုင်ရာ သက်သေအချက်အလက်

ဟီၣ်ခိၣ်ကပံာ်တၢ်ဖံးအီၣ်မၤအီၣ်အကလုာ်––––––ကစၢ်ပနီၣ်ဂံၢ်––––––ပှီနီၣ်ဂံၢ်––––––ဟီၣ်ခိၣ်အပတီၢ်––––ဟီၣ်ခိၣ်အလဲၢ်အ့ကၢၢ်––––
စိုက်ပျိုးမြေအမျိုးအစား– ဦးပိုင်နံပါတ်– ကွင်းအမှတ်– မြေအတန်းစား– မြေအကျယ်အဝန်း

ဖီး––––––––––––––––ဟီၣ်ခိၣ်အိၣ်တၢ်လီၢ်––––––––––––––––––မု်ထီၣ်––––––––––––––––––မု်နုာ်––––––––––––––––
ဒသသမ– မြေတည်နေရာ– အရှေ့– အနောက်–

ကလံၤထံး––––––––––––––ကလံၤစိး––––––––––––––––––အိၣ်လၢသဝီတၢ်ပၢ––––––––––––ကရူၢ်–––––––––––––––––
တောင်– မြောက်– တည်နေရာကျေးရွာဝှင်– ကျေးနယ်–

ကီၢ်ဆၣ်––––––––––––––––––––––––ကီၢ်ရှၣ်––––––––––––––––––––
မြို့နယ်– ခရိုင်–

ဟီၣ်ခိၣ်တၢ်စံၣ်စိၤတဲစိၤအဖုၣ်–––––––––––––
မြေရာ၏သမိုင်းအကျဉ်း

တၢ်မၤနီၣ်လီၤဆီအလီၢ်မ့ၢ်အိၣ်–––––––––––
အထူးမှတ်ချက် (ရှိပါက)

မု်နံၤ –––––––––––––––––––––––
ရက်စွဲ

ပှၤဟ့ၣ်လီၤလံာ်အုၣ်သး(စုဆဲးလီၤ)
(ဂရံ) ထုတ်ပေးသူ (လက်မှတ်)

အမံၤ–––––––––––––––––
အမည်

လီၢ်လၤမူဒါ–––––––––––––––
ရာထူးတာဝန်အဆင့်

ကီၢ်ရှၣ်––––––––––––––––––
ခရိုင်

ပှၤအုၣ်သးဆဲးလီၤအမံၤ
သက်သေခံနာမည်

၁. မံၤ–––––––––––––––––––––
၁. မည်

စုဆဲးလီၤ––––––––––––––––––
လက်မ

၂. မံၤ––––––––––––––––––––
၂. မည်

စုဆဲးလီၤ–––––––––––––––––––
လက်မ